

# ကာရာမာဇော့ ညီအစ်ကိုများ

နတ်နွယ် မြန်မာပြန်

FYODOR DOSTOEVSKY

# THE BROTHERS KARAMAZOV

# ဘာသာပြန်သူ၏ အမှာ

(က)

ဖျိုဒါ ဒေါ့စတာယက်စကီသည် တောလ်စတွိုင်း ကဲ့သို့ မဟုတ်မူဘဲ အလယ်အလတ်တန်းစား လောကမှ ပေါက်ဖွားလာသူတစ်ဦး ဖြစ်သည် ။ ယင်းအတွက် သူ၏ ဝတ္ထုများမှ ဇာတ်ဆောင် များ သည် မှူးကြီးမတ်ရာများ နှင့် တောသူတောင်သားများ မဟုတ်မူဘဲ ကျောင်းသားများ ၊ ကုန်သည် ပွဲစားများ နှင့် အစိုးရအမှုထမ်းများ ဖြစ်ကြသည် ။ ဇာတ်လမ်းတည်ရာ ဌာနမှာ လည်း လွင်တီးခေါင်၊ မြက်ခင်းပြင် လွင်ပြင်ကြီးများ မဟုတ်ဘဲ မြို့ကြီးပြကြီးများ နှင့် ပြွတ်သိပ်နေသော လူနေအိမ်ခြေများ ဖြစ်သည် ။

ဒေါ့စတာယက်စကီကို ၁၈၂၁ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် မော်စကိုမြို့၌ မွေးဖွားသည် ။ သူ၏ ဖခင်မှာ စစ်တပ်ဆရာဝန်တစ်ဦး ဖြစ်ပြီး စည်းကမ်းတင်းကျပ်သူ တစ်ဦးဖြစ်သည် ။ မိခင်မှာ ကုန်သည် မျိုးရိုးဖြစ်ပြီး ချစ်ခင်ကြင်နာတတ်သော်လည်း လွှမ်းမိုး ထက်မြက်သူတစ်ဦး မဟုတ်ချေ။ မိဘများ သည် ဘာသာရေးတွင် အထူးပင် ရိုသေကိုင်းရှိုင်းသူများ ဖြစ်ကြသည် ။ ဒေါ့စတာယက်စကီသည် မွေးချင်း ခြောက်ယောက်အနက် ဒုတိယမြောက် ဖြစ်သည် ။ သူသည် ငယ်စဉ်ကတည်းကပင် စာပေကို ဝါသနာပါခဲ့သော်လည်း သူ၏ ဖခင်သည် သူ့ကို အင်ဂျင်နီယာတစ်ယောက် ဖြစ်စေချင်သဖြင့် သူ၏ မိခင် ကွယ်လွန်ပြီး မကြာမီကာလ ၁၈၃၇ ခုနှစ်တွင် ပီတာစဘတ်မြို့သို့ ပို့ပြီး စစ်တက္က

သိုလ် စက်မှုသိပ္ပံကျောင်းတွင် အစ်ကိုဖြစ်သူ မစ်ခေးနှင့် အတူ တက် ရောက် သင်ကြားစေသည် ။ ဤကျောင်းတွင် သူသည် ငါးနှစ်မျှ သင်ကြားခဲ့ရသည် ။ သို့သော် ဤကာလအတွင်းတွင် သူသည် စာရေး ခြင်း၊ စာဖတ်ခြင်းတို့ တွင် သာ လုံ့လပြုခဲ့သည် ။

ထိုစဉ်က သူသည် ရှိတ်စပီးယား၏ စာများ အားလုံးကို ဖတ်ခဲ့သည် ။ ထို့ပြင် ဘောလ် ဇက်၏ လက်ရာများ အားလုံးလောက်နှင့် ဂါထေး၏ ကဗျာများကို ဖတ်ခဲ့သည် ။ ထို့အပြင် ဂျာမန်အချစ်ဝတ္ထုရေးဆရာ ဟော့ ဖမန်း၏ ဝတ္ထုများ အားလုံးကိုလည်း ဖတ်ခဲ့သည် ။ သူသည် ချားလ်စ်ဒစ် ကင်၏ ဝတ္ထုများကိုလည်း အထူးပင် နှစ်သက်စွဲလမ်းခဲ့သည် ။ သို့သော် သူ့ အပေါ်တွင် လွှမ်းမိုးမှုရှိခဲ့သော စာရေးဆရာမှာ ဂိုဂိုး ဖြစ်သည် ။ သူ ၏ ဝါကျဖွဲ့စည်းမှုများ တွင် ဂိုဂိုး၏ လွှမ်းမိုးမှုကို တွေ့ရှိနိုင်ကြောင်း ဗယ် လင်စကီက သူ၏ ပထမဆုံးဝတ္ထု ဆင်းရဲသားနှင့် ပတ်သက်ပြီး ဝေဖန် ရေးသားခဲ့သည် ။

သူသည် ၁၈၄၁ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ ဒုဗိုလ် ဖြစ်သည် ။ ၁ ၈၄၂ ခုနှစ်တွင် ဗိုလ်ဖြစ်သည် ။ ၁၈၄၃ ခုနှစ်တွင် စက်မှုသိပ္ပံသင်တန်း ပြီးဆုံးသဖြင့် ပီတာစဘတ် အင်ဂျင် နီယာတပ်ဖွဲ့တွင် ခန့်အပ်ခြင်း ခံရ သည် ။ သို့သော် နောက်တစ်နှစ်မှာ ပင် သူသည် စစ်တပ်မှ ထွက်ခဲ့ပြီး စာပေနယ်သို့ လုံးဝ ဝင်ရောက်သည် ။

၁၈၄၅ ခုနှစ်တွင် သူ၏ ပထမဆုံး လုံးချင်းဝတ္ထု ဆင်းရဲသားကို ပုံနှိပ်ထုတ်ဝေသည် ။ အထူးပင် အောင်မြင်သည် ။ သို့ဖြင့် သူသည် အသ က်နှစ်ဆယ့်လေးနှစ်အရွယ်မှာ ပင် အထူး ထင်ရှားကျော်ကြားသော စာ ရေးဆရာတစ်ဦး ဖြစ်လာတော့သည် ။ ကဗျာဆရာနှင့် အယ်ဒီတာ နီက ရာဆော့ နှင့် ဝေဖန်ရေးဆရာ ဗယ်လင်စကီ တို့ က သူ့ကို အထူးပင် ဝေ

ဖန်ချီးကျူးခဲ့ ကြသည် ။

ထိုခေတ် ထိုအချိန်က ရုရှားနိုင်ငံတွင် လူမှုရေး မညီမျှမှုများ ဖြစ်ပေါ်နေပြီး တိုးတက်သော အယူအဆများ ထွန်းကားနေသဖြင့် ဒေါ့စတာယက်စကီလို လူငယ်အရာရှိကလေး တစ်ဦးအနေဖြင့် တိုးတက်သော အစုအဝန်း တစ်ခုသို့ ရောက်ရှိသွားရသည် မှာ သဘာဝကျလှပေသည် ။ ပြုပြင် ပြောင်းလဲရေးကို လိုလားသော ပီထရာရှက်စကီ ဟူသည့် အရာရှိ တစ်ဦး၏ လွှမ်းမိုးမှုဖြင့် သူသည် တိုးတက်သော အယူအဆသမားများ နှင့် ပေါင်းမိသွားပြီး ကျေးကျွန်စနစ် ဖျက်သိမ်းရေး၊ ဆင်ဆာပြဿနာနှင့် ဆိုရှယ်လစ်ဝါဒ အကြောင်းတို့ ကို ဆွေးနွေးသည် ။ ၁၈၄၉ ခုနှစ်တွင် ၎င်းတို့ လူစု အဖမ်းခံရပြီး သေဒဏ်အပေးခံရသည် ။ ၎င်းတို့ကို သေနတ်ပစ်တပ်ဖွဲ့က ပစ်သတ်တော့မည့် ဆဲဆဲတွင် သေဒဏ်ကို ပယ်ဖျက်ပြီး ဆိုက်ဗေးရီးယားတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံကြရမည် ဖြစ်ကြောင်း အမိန့်စာ ရောက်ရှိလာသည် ။ ဒေါ့စတာယက်စကီက ဤအကြောင်းကို သူ့အစ်ကိုထံ စာရေးခဲ့သည် ။

'ကနေ့ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ကျွန်တော်တို့ အားလုံးကို ဆီမြိုနော့စကီ ရင်ပြင်ထဲကို ခေါ်သွားတယ်။ အဲဒီမှာ သေဒဏ်အမိန့်ကို ဖတ်ပြတယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ ဘုရားကို အာရုံပြုရတယ်။ သေဒဏ်ပေးခံရတဲ့ လူတွေဝတ်ရတဲ့ အဝတ်ဖြူကြီးတွေကို ဝတ်ရတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အထဲက ပထမဆုံး သုံးယောက်ကို သေနတ်နဲ့ ပစ်သတ်ဖို့ အတွက် တိုင်မှာ ကြိုးနဲ့ ချည်တယ်၊ ကျွန်တော်က ဆဋ္ဌမမြောက်ဖြစ်တဲ့ အတွက် ဒုတိယအသုတ် အသတ်ခံရမယ့် အထဲမှာ ပါနေတယ်။ ကျွန်တော့်အနေနဲ့ အသက်ရှင်နေဖို့ တစ်မိနစ်ပဲ ကျန်တော့တယ်။ အဲဒီအချိန်မှာ အစ်ကို့ကို ကျွန်တော် သတိရတယ်။ မိသားစု အားလုံးကို ကျွန်တော် သတိရတယ်။ နောက်ဆုံးအချိန်မှာ အစ်ကို့ကိုပဲ ကျွန်တော်

သတိရနေတယ်။ ကျွန်တော့်ဘေးမှာ ရပ်နေတဲ့ ပလက်ရှိယက်နဲ့ ဒူးရော့တို့ ကို ဖက်ပြီး နှုတ်ဆက်တယ်။ အဲဒီအချိန်မှာ ပဲ တပ်ဆုတ်ဖို့ ဗုံခေါက်သံထွက်လာတယ်။ တိုင်တွေမှာ ချည်ထားတဲ့ လူတွေကို ပြန်ခေါ်လာတယ်။ ဧကရာဇ် ဘုရင်မင်းမြတ်က ကျွန်တော်တို့ အသက်တွေကို ချမ်းသာပေးလိုက်ကြောင်း အမိန့်စာ ဖတ်ပြတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကို ပြောင်းလဲ ချမှတ်လိုက်တဲ့ အပြစ်ဒဏ် စီရင်ချက်ကို ဖတ်ပြတယ်'

ဒေါ့စတာယက်စကီကို ချမှတ်လိုက်တဲ့ စီရင်ချက်မှာ 'ရာဇဝတ်မှုကျူးလွန်ရန် ပူးပေါင်း ပါဝင်ခြင်း၊ စာရေးဆရာ ဗယ်လင်စကီရဲ့ စာကို ဖြန့်ဝေခြင်း၊ နိုင်ငံတော်အစိုးရနှင့် အယူမှန် အသင်းတော်တို့ ကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ အခြားသူများ နှင့် ပူးပေါင်းပြီး အစိုးရဆန့် ကျင်ရေး စာရွက်စာတမ်းများ ပုံနှိပ်ထုတ်ဝေရန် ကြံစည်ခြင်းတို့ အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ရှစ်နှစ် ချမှတ်လိုက်သည် ' ဟူ၍ ဖြစ်သည်။

နောက်ပိုင်းတွင် ဘုရင်မင်းမြတ်က ပြစ်ဒဏ်ကို လေးနှစ်သို့ လျှော့ပေးလိုက်သည် ။ ၁၈၅၄ ခုနှစ်တွင် အကျဉ်းထောင်မှ သူ လွတ်မြောက်သည် ။ ထိုအခါတွင် သူ၏ နိုင်ငံရေး အယူအဆများ သည် လုံးဝကြီးပြောင်းလဲသွားပြီ ဖြစ်သည် ။ အကျဉ်းကျရာမှ လွတ်မြောက် သောအခါ သူသည် သာမန်စစ်သား တစ်ဦးအဖြစ်နှင့် တပ်မတော်သို့ ပြန်လည်ဝင်ရောက်ရသည် ။ ၁၈၅၆ ခုနှစ်တွင် ဗိုလ်အဖြစ် ပြန်လည် ခန့်ထားခြင်းခံရသည် ။ ၁၈၅၉ ခုနှစ်တွင် ပီတာစဘတ်သို့ ပြန်ခွင့်ရရှိသည် ။

၁၈၅၇ ခုနှစ်တွင် မာရီယာအိုက်ဆီဗာ အမည်ရှိသော အသက်နှစ်ဆယ့်ကိုးနှစ်အရွယ် မုဆိုးမတစ်ဦးနှင့် သူ လက်ထပ်သည် ။ ၁၈၅၉ ခုနှစ်

မှာ ပင် တပ်မတော်မှ သူ နုတ်ထွက် လိုက်သည် ။

၁၈၆၁ ခုနှစ်တွင် ခေတ် VREMYA (TIME)] ဟူသော လစဉ်ထုတ် မဂ္ဂဇင်း တစ်စောင်ကို ထုတ်ဝေသည် ။ ခေတ် သည် စီးပွားရေးအရ အောင်မြင်လှသည် ။ ၁၈၆၃ ခုနှစ်တွင် အစိုးရက ခေတ် ကို ပိတ်ပင်လိုက်သည် ။ ၁၈၆၄ ခုနှစ်တွင် ခေတ်သစ် [EPOKHA (EPOCH) ] ဟူသော မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေပြန်သည် ။ သို့သော် ထိုမဂ္ဂဇင်းသည် မအောင်မြင်ဘဲ တစ်နှစ်မျှ အကြာတွင် ရပ်ဆိုင်းလိုက်ရသည် ။

၁၈၆၄ ခုနှစ် ဧပြီလတွင် သူ၏ ဇနီး မော်စကိုမြို့တွင် ကွယ်လွန်သည် ။ ထိုနှစ် ဇူလိုင်လမှာ ပင် သူ၏ အစ်ကို မစ်ခေး ကွယ်လွန်ပြန်သဖြင့် ဒေါ့စတာယက်စကီမှာ များ စွာမှ ထိခိုက် ဆုံးရှုံးရသည် ။ သူ့အစ်ကို ကွယ်လွန်သဖြင့် ခေတ်သစ်ကို ပိတ်လိုက်ရပြီး ရူဗယ် ၁၅၀၀၀ ကြွေးတင်သည် ။ သူသည် ထိုကြွေးကို တစ်သက်လုံး ဆိုသလောက်ပင် ပေးဆပ်သွားရသည် ။

သူ့ဇနီး မာရီယာ ကွယ်လွန်သောအခါ သူသည် ပိုလီနာဆတ်ဆလိုဗာ ဟူသော အမျိုးသမီး တစ်ယောက်ကို စွဲလမ်းရပြန်တော့သည် ။ ၁၈၆၇ ခုနှစ်တွင် သူသည် ပိုလီနာနှင့် ခွဲခွာပြီး သူ၏ အတွင်းရေးမှူးဖြစ်သော အန်နာ ဆနစ်ကီနာနှင့် လက်ထပ်သည် ။ အန်နာက သူ့ကို ချစ်သည် ။ သူ၏ အနုပညာကို လေးစားသည် ။ သူ၏ လောင်းကစားမှုကို ကန့်ကွက်တားမြစ်ခြင်း မပြုချေ။ သူက လောင်းကစားမှုကို အင်မတန် မက်မောသည် ။ ကစားသမျှလည်း ရှုံးသည် ။ သူရသမျှ ပိုက်ဆံသည် လောင်းကစား၍ ကုန်ရသည် ဟု ဆိုရမည်။ ထိုမျှမက ကြွေးတွေပင် တင်ရသည် ။ သူသည် ကြွေးဆပ်ဖို့ အတွက် ဝတ္ထုတွေကို တရစပ် တရကြမ်း ရေးထုတ်ခဲ့ရသည် ။

သူက အသုံးအစွဲ ကြမ်းသည် ။ ရမ်းသည် ။ သူသည် ကျောင်းနေစဉ် ကတည်းကပင် တစ်နှစ်လျှင် ရူဗယ်ငွေ တစ်ထောင့်နှစ်ရာ ပေးရသော အဖိုးတန် အိမ်ခန်းကြီး တစ်ခုကို ငှားရမ်းပြီး နေခဲ့သည် ။ သို့သော် သူသည် ထိုအိမ်ခန်းကြီး၏ အခန်းငယ်ကလေး တစ်ခုတွင် သာ နေထိုင်ပြီး ထို အခန်းကလေးကိုလည်း ဆောင်းအခါတွင် ပူနွေးအောင် မလုပ်နိုင်သဖြင့် အအေးဒဏ်ကို အလူးအလဲ ခံရသည် ။

ကာရာမာဇော့ ညီအစ်ကိုများကို ၁၈၇၈ ခုနှစ်တွင် စတင်ရေးသား ပြီး ၁၈၈၀ ပြည့်နှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည် ။ သူ မကွယ် လွန်မီ သုံးလအလိုတွင် ဖြစ်သည် ။ ၁၈၈၁ ခုနှစ်တွင် သူ ကွယ်လွန်သဖြ င့် ကာရာမာဇော့ ညီအစ်ကိုများ သည် သူ၏ အအောင်မြင် အကျော်ကြား ဆုံး ဝတ္ထုကြီးတစ်ပုဒ် ဖြစ်သလို သူ၏ နောက်ဆုံး ဝတ္ထုကြီးလည်း ဖြစ် ပေသည် ။ အသက် ၅၇ ခုနှစ် အရွယ်တွင် စတင်ရေးသားပြီး ၅၉ နှစ် အရွယ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည် ။

ကွယ်လွန်သောအချိန်တွင် သူသည် ရုရှားနိုင်ငံတွင် သာမက ဥရော ပတိုက်တွင် လည်း အောင်မြင်ထင်ရှားလျက် ရှိတော့သည် ။ ယခုအချိန် တွင် သူ၏ စာပေများ သည် ကမ္ဘာ့စာပေတွင် အထူးပင် ထင်ရှားလျက်ရှိ ပြီး ပြစ်မှုနှင့် ပြစ်ဒဏ်၊ ကာရာမာဇော့ ညီအစ်ကိုများ တို့ သည် ကမ္ဘာ ကျော် ဝတ္ထုကြီးများ စာရင်းတွင် ရှေ့ဆုံးမှ ပါဝင်လျက်ရှိတော့သည် ။

(ခ)

ကာရာမာဇော့ ညီအစ်ကိုများကို ဘာသာပြန်ဆိုရာတွင် မူရင်း ရုရှား ဘာသာမှ တိုက်ရိုက် ပြန်ဆိုခြင်း မဟုတ်ဘဲ အင်္ဂလိပ်ဘာသာပြန်မှ တစ် ဆင့် ပြန်ဆိုထားခြင်း ဖြစ်ပါသည် ။ သို့ သော် အကောင်းမွန်ဆုံး တိကျမှ န်ကန်စေရေးအတွက် ကွန်စတင့်ဂါးနက် CONSTANCE GARNETT ဘာ

သာပြန်သော မူနှင့် ဒေးဗစ်မက်ဂါရှက် DAVID MAGARSHACK ပြန်ဆို သော မူတို့ ကို ညှိနှိုင်းတိုက်ဆိုင်ပြီး ပြန်ဆိုထားပါသည် ။

ထို့အပြင် ရုရှားနာမည်များ သည် ရှည်လျားပြီး အသံထွက် ခက်ခဲသ ည့် အလျောက် မူရင်းအသံထွက်နှင့် တတ်နိုင်သမျှ နီးစပ်ရေးကို ဂရုပြု ထားသလို မြန်မာစာဖတ်သူများ အဖတ်ရ အမှတ်ရ လွယ်ကူစေရန် လည်း ဂရုပြုထားပါသည် ။

ဤနေရာတွင် တစ်ခု ပြောစရာရှိပါသည် ။ နွဲ့နွဲ့မုံးကို အနွဲ့ဟု လည်းကောင်း၊ မုံး ဟု လည်းကောင်း၊ ရင်းနှီးခင်မင်စွာ ခေါ်ဝေါ်သလို သူ တို့ တွင် လည်း ကက်ထရီးနားကို ကက်တယာဟု ခေါ်သည် များ ရှိပါသ ည် ။ ယင်းအတွက် စာဖတ်သူများ အခက်အခဲများ မရှိစေရန် အရေးကြီး သော အမည်များကို အောက်တွင် ဖော်ပြလိုက်ပါသည် ။

ဒီမီထရီ = မစ်တယာ

အလက်ဇီ = အလျို့ရှာ

ကက်ထရီးနား = ကက်တယာ

မစ္စဆဗက်လော့ = ဂရုရှင်ကာ

အီလျူရှာ = အီလျာ

ထို့အပြင် မြန်မာများ အဖို့ ‘သုခမ္မာပဲ၊ ‘ရွှေကျင်ပဲ’ ဟု ပြောလျှင် နား လည်သော်လည်း ခရစ်ယာန်ဘာသာနှင့် ပတ်သက်ပြီး ‘ဂျက်ဇူးအစ်ပဲ’ ဟု ပြောလိုက်လျှင် အခက်အခဲ ရှိပါလိမ့်မည်။ ယင်းကဲ့သို့သော စကား လုံးများ အတွက်လည်း ရှင်းလင်းချက်အဖြစ်နှင့် ဝတ္ထုအဆုံးတွင် မှတ်စု များ ဖော်ပြထားပါသည် ။

ခရစ်ယာန်ဘာသာနှင့် ပတ်သက်သော အမည်နာမများ နှင့် အဆိုအ

မိန့်များကို ဘာသာ ပြန်ဆိုရာတွင် မြန်မာများ နှင့် ရင်းနှီးနေပြီဖြစ်သော ဆရာယုဒသန်၏ ဘာသာပြန်မှုများကို အသုံးပြုထားပါသည် ။ သို့ရာတွင် တစ်စုံတစ်ရာ အတိမ်းအစောင်း အလွဲအမှားများ ရှိနေခဲ့လျှင် ဘာသာပြန်သူ၏ တာဝန်သာ ဖြစ်ပါသည် ။

ကာရာမာဇော့ ညီအစ်ကိုများကို ဘာသာပြန်ဆိုရာတွင် စာအုပ်စာတမ်းများ ကူညီ ရှာဖွေပေးသော မင်းကျော် (ကွယ်လွန်)၊ ရုရှားအမည်များကို မြန်မာအသံလှယ်ရာတွင် ကူညီခဲ့သော ညွန့်ကြူး (ကွယ်လွန်) နှင့် ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေပေးသော Unity Publishing House တို့ ကို အထူး ကျေးဇူးတင်ရှိပါသည် ။

နတ်နွယ်

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

နတ်နွယ် မှီငြမ်းပြုရေးသားခဲ့သော ဒေါ့စတာယက်စကီ၏ အခြားစာအုပ်များမှာ -

၁။ အပုံသင်စ ၁၉၆၀ - The Insulted and Humiliated

၂။ တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ ၁၉၆၂ - Crime and Punishment

၃။ မိုးညဖြူဖြူ ၁၉၆၂ - White Nights

၄။ ဝင်္ကပါ ၁၉၆၃ - The Idiot

၅။ အုန်းအုန်းကျွက်ကျွက် ၁၉၆၅ - The Devils (The Possessed) တို့

ဖြစ်ကြပါသည် ။

* * * * *

## ဒေါ့စတာယက်စကီ၏ ဘဝနှင့် စာပေမှ

## အရေးပါသော အဖြစ်အပျက်များ

၁၈၂၁ အောက်တိုဘာ ၃၀၊ ဖျိုဒါ မစ်ခေးလိုဗစ် ဒေါ့စတာ ယက်စကီကို မော်စကိုမြို့တွင် မွေးဖွားသည် ။

၁၈၃၃-၃၇ မော်စကိုမြို့ရှိ ကျောင်းအိပ်ကျောင်းစား ကျောင်းများတွင် ပညာသင်ကြားခဲ့ သည် ။

၁၈၃၇ မေ၊ ဒေါ့စတာယက်စကီနှင့် သူ၏ အစ်ကို မစ်ခေးတို့ စိန့်ပီတာစဘတ်မြို့သို့ ပြောင်းရွှေ့ကြသည် ။

၁၈၃၈ ဇန်နဝါရီ၊ ဗဟိုအင်ဂျင်နီယာကျောင်းသို့ တက်ရောက်သည် ။

၁၈၄၃ ဩဂုတ်၊ အရာရှိသင်တန်း ပြီးဆုံး၍ အင်ဂျင်နီယာဌာနတွင် အမှုထမ်းရသည် ။

၁၈၄၄ ဇွန်-ဇူလိုင်၊ ဒေါ့စတာယက်စကီ ဘာသာပြန်ဆိုသော ပြင်သစ်စာရေးဆရာကြီး ဘောလ်ဇက်၏ ယူဂျင်း ဂရင်းဒစ် Eugenie Grandet ထုတ်ဝေသည် ။

၁၈၄၅ မေ၊ ၎င်း၏ ပထမဆုံး ဝတ္ထုရှည် ဖြစ်သော ဆင်းရဲသား Poor Folk ရေးသား ပြီးစီးသည် ။

၁၈၄၆ ဇန်နဝါရီ၊ နီကရာဆော့ တည်းဖြတ်ထုတ်ဝေသော ‘ပီတာစဘတ် မဂ္ဂဇင်း’ တွင် ဆင်းရဲသားဝတ္ထု ဖော်ပြပါရှိသည် ။

၁၈၄၇ နွေဦး၊ ရုရှား တော်လှန်ရေးသမား မစ်ခေး ပီထရာရှက်စကီ၏ လျှို့ဝှက် အစည်း အဝေးများ သို့ ဒေါ့စတာယက်စကီ တက်ရောက်သ

ည်။

၁၈၄၈ ဒီဇင်ဘာ၊ ညဖြူဖြူများ White Nights ထုတ်ဝေသည်။

၁၈၄၉ ဧပြီ ၂၃၊ ပီထရာရှက်စကီ အုပ်စုဝင်တစ်ဦးအဖြစ် အဖမ်းခံရသည်။

ဧပြီ ၂၉-နိုဝင်ဘာ ၁၆၊ ပီထရာရှက်စကီနှင့် နောက်လိုက်များကို ရုံးတင် စစ်ဆေးသည်။ (ဒေါ့စတာယက်စကီ အပါအဝင်) 'အဓိက တရားခံများ ' ကို သေဒဏ်ပေးသည်။

ဒီဇင်ဘာ ၂၂၊ ဆီမျိုနော့စကီ ရင်ပြင်တွင် တရားခံများကို သေဒဏ်အမိန့်ဖတ်ပြပြီး ကွပ်မျက်ရန် စီစဉ်သည်။ နောက်ဆုံး 'ပစ်' ဟူသော အမိန့်ပေးခါနီးတွင် မှ သေဒဏ်မှ လွတ်ငြိမ်းခွင့်အမိန့် ရောက်ရှိလာသည်။

ဒီဇင်ဘာ ၂၄ ည၊ ဒေါ့စတာယက်စကီ အပါအဝင် အကျဉ်းသားများကို သံခြေချင်းခတ်ပြီး အကျဉ်းထောင်မှ ဆိုက်ဗေးရီးယားသို့ ပို့သည်။

၁၈၅၀ ဇန်နဝါရီ ၂၃၊ ဒေါ့စတာယက်စကီကို အွန်မာ့စ် အကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး အလုပ်ကြမ်းနှင့် ပြစ်ဒဏ်ချခံစေသည်။

၁၈၅၀-၅၄ အွန်မာ့စ် အကျဉ်းထောင်

၁၈၅၄ ဖေဖော်ဝါရီ၊ အလုပ်ကြမ်းနှင့် ပြစ်ဒဏ် နှစ်စေ့အောင် ကျခံပြီးသောအခါ စစ်တပ်တွင် သာမန်တပ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုသည်။

၁၈၅၄-၅၉ စစ်မှုထမ်း

၁၈၅၆ အောက်တိုဘာ၊ အရာရှိအဆင့်သို့ တိုးမြှင့်သည်။

၁၈၅၇ ဖေဖော်ဝါရီ၊ မုဆိုးမ မာရီယာ အိုင်ဆာယီဗာနှင့် ကုဇနက်မြို့

ကလေးတွင် လက်ထပ်သည်။

၁၈၅၉ မတ်လ၊ စစ်တပ်မှ အငြိမ်းစားယူသည်။

မတ်လ၊ ဦးလေး၏ အိပ်မက် Uncle’s Dream ထုတ်ဝေသည်။

နိုဝင်ဘာ-ဒီဇင်ဘာ၊ မိသားစု၏ မိတ်ဆွေ Friend of the Family ထုတ်ဝေ သည်။

ဒီဇင်ဘာ ဒုတိယလဝက်၊ စိန့်ပီတာစဘတ်မြို့သို့ ပြောင်းရွှေ့သည်။

၁၈၆၀ စက်တင်ဘာ၊ ရုရှားကမ္ဘာ Russki Mir သတင်းစာတွင် မရဏဂေဟာ The House of the Dead ကို စတင်ဖော်ပြသည်။

၁၈၆၁ ဇန်နဝါရီ၊ ဒေါ့စတာယက်စကီနှင့် သူ၏ အစ်ကို မစ်ခေးတို့ ထုတ်ဝေသော ‘ခေတ်’ Vremya မဂ္ဂဇင်းအမှတ် ၁ ထွက်သည်။ ယင်းလတွင် စော်ကားသူနှင့် အနိမ့်ခံ The Insulted and Injured အခန်းဆက် ဝတ္ထုရှည် စတင်ပါရှိသည်။

၁၈၆၁-၆၂ ‘ခေတ်’ မဂ္ဂဇင်းတွင် ‘မရဏဂေဟာ’ ကို ဖော်ပြသည်။

ဇွန်လ၊ နိုင်ငံခြားသို့ ခရီးထွက်သည်။

၁၈၆၃ မေလ၊ ‘ခေတ်’ မဂ္ဂဇင်း အပိတ်ခံရသည်။

ဩဂုတ်-အောက်တိုဘာ၊ နိုင်ငံခြားတွင် နေထိုင်သည်။

၁၈၆၄ ဇန်နဝါရီ၊ ‘ခေတ်သစ်’ Epokha ထုတ်ဝေခွင့်ရသည်။

မတ်လ၊ ‘ခေတ်သစ်’ မဂ္ဂဇင်း အမှတ် ၁ တွင် မြေအောက်မှ မှတ်စုများ Notes from Underground ပါရှိသည်။

ဧပြီ၊ ဇနီးသည် မာရီယာ ကွယ်လွန်သည်။

ဗူလိုင်၊ ၎င်း၏ အစ်ကို မစ်ခေး ဒေါ့စတာယက်စကီ ကွယ်လွန်သည်
။

၁၈၆၅ ဇွန်၊ ‘ခေတ်သစ်’ ရပ်သွားသည် ။

ဇူလိုင်-အောက်တိုဘာ၊ ဒေါ့စတာယက်စကီ နိုင်ငံခြားသို့ သွားပြန်သ
ည် ။

၁၈၆၆ ပြစ်မှုနှင့် ပြစ်ဒဏ် Crime and Punishment ထွက်သည် ။

အောက်တိုဘာ၊ လောင်းကစားသမား The Gambler ဝတ္ထုကို သူ၏
လက်ရေးတို ဆရာမ အန်နာဆနစ်ကီနာကို နှုတ်မှ ပြောပြသည် ။

၁၈၆၇ ဖေဖော်ဝါရီ၊ အန်နာဆနစ်ကီနာနှင့် လက်ထပ်သည် ။

၁၈၆၈ အန္ဓ The Idiot ဝတ္ထုရှည်ကြီး ထွက်သည် ။

၁၈၇၀ ဝတ္ထုလတ် ထာဝရခင်ပွန်း The Eternal Husband ထွက်သ
ည် ။

၁၈၇၁ ဇူလိုင်၊ အမှောင့်ပယောဂ The Possessed ကို စတင်ရေး
သားသည် ။ (၁၈၇၂ တွင် ပြီးသည် )။

၁၈၇၃ ‘နိုင်ငံသား’ Citizen အပတ်စဉ်ကို စတင် တည်းဖြတ်သည်
။

ယင်းဂျာနယ်တွင် စာရေးဆရာတစ်ဦး၏ မှတ်တမ်း The Diary o
f a Writer ဆောင်းပါးများ ပါရှိသည် ။

၁၈၇၄ နိုင်ငံသား အယ်ဒီတာအဖြစ်မှ နုတ်ထွက်သည် ။

၁၈၇၅ အရိုင်း A Raw Youth ဝတ္ထု ထွက်သည် ။

၁၈၇၉-၈၀ ကာရာမာဇော့ ညီအစ်ကိုများ The Brother’s Karama

zov ရေးသားပြီးစီး သည် ။

၁၈၈၁ ဇန်နဝါရီ ၂၈၊ ဖျိုဒါ မစ်ခေးလိုဗစ် ဒေါ့စတာယက်စကီ ကွယ်လွန်သည် ။

* * * * *

## ရည်ရွယ်ချက်

၁။ ၁၉ ရာစုနှစ်၊ ရုရှားနိုင်ငံ၏ လူမှုရေး အခြေအနေကို သရုပ်ဖော်တင်ပြခြင်း။

၂။ လူတို့ ၏ စရိုက် ဖြစ်ပေါ်ပြောင်းလဲမှုကို ဖော်ပြခြင်း။

၃။ မိသားစုတစ်စုအတွင်း မတူကွဲပြားသော စရိုက်တို့ ကို ဖော်ပြခြင်း။

၄။ ဒုစရိုက်နှင့် သုစရိုက်ကို ပေါ်လွင်အောင် ခွဲခြားဖော်ပြခြင်း။

၅။ မကောင်းမှုကို ကောင်းမှုဖြင့် တုံ့ပြန်ရန် နှိုးဆော်ခြင်း။

၆။ မကောင်းမှုပြုသူများ သည် တစ်နည်းမဟုတ်တစ်နည်းဖြင့် ပြစ်ဒဏ်ခံစားရကြောင်း ဖော်ပြထားခြင်း။

၇။ အမှန်တရားကို ရှာဖွေတင်ပြထားခြင်း။

၈။ ငြိမ်းချမ်း ညီညွတ်သော လူ့ဘောင်ကြီးကို တည်ဆောက်ရန် လှုံ့ဆော်ခြင်း။

၉။ ဆင်းရဲဒုက္ခရောက်နေသူများ နှင့် အစော်ကား အနှိမ့်ချခံနေရသူများကို ကူညီစောင့် ရှောက်ရန် လှုံ့ဆော်ခြင်း။

၁၀။ ရမ္မက်တဏှာနှင့် အချစ်စစ်အချစ်မှန်ကို ခွဲခြားဖော်ပြထားခြင်း။

၁၁။ တစ်ဖက်သား၏ အကျိုးအတွက် အနစ်နာခံ ဆောင်ရွက်ရန် လမ်းညွှန်ထားခြင်း။

၁၂။ ဖောက်ပြန်မှုနှင့် သစ္စာတရားကို ခွဲခြားဖော်ပြထားခြင်း။

၁၃။ လူ့လောကကြီး၏ အလှကို အနိဋ္ဌာရုံများကြားမှ ရှာဖွေတင်ပြထားခြင်း။



ဒေါ့စတာယက်စကီ

## စာဖတ်သူသို့

ကျွန်ုပ်၏ ဇာတ်လိုက် အလက်ဇီ ကာရာမာဇော့ အတ္ထုပ္ပတ္တိကို ရေးသားရာတွင် ကျွန်ုပ်၌ အခက်အခဲ အနည်းငယ် တွေ့ရှိနေရသည် ။ အဓိပ္ပာယ်က သည် လိုပါ။ ကျွန်ုပ်က အလက်ဇီ ကာရာမာဇော့ကို ကျွန်ုပ်၏ ဇာတ်လိုက်ဟု ဆိုထားသော်လည်း သူသည် မည်သည့် နည်းနှင့် မျှ

ကြီးကျယ်သော လူတစ်ယောက် မဟုတ်ပါချေ။ ယင်းအတွက် မလွှဲမရှောင်သာ ထွက်ပေါ်လာသည့် မေးခွန်းများကို ကျွန်ုပ် ကြိုတင်သိမြင်နေပါသည် ။ အလက်ဇီကာရာမာဇော့ကို ခင်ဗျားရဲ့ ဇာတ်လိုက်ကြီးအဖြစ်နဲ့ ရွေးချယ်ရအောင် သူက ဘယ်လောက်များ ထူးခြားလို့ လဲ။ သူက ဘာတွေများ လုပ်ခဲ့လို့ လဲ။ သူ့ကို ဘယ်သူတွေက ဘာအတွက် သိနေကြလို့ လဲ။ ခင်ဗျားရဲ့ စာဖတ်ပရိသတ် ဖြစ်တဲ့ ကျုပ်က ဘာဖြစ်လို့ သူ့အကြောင်း လေ့ လာပြီး အချိန်တွေ ဖြုန်းနေရမှာ လဲ ... စသည့် မေးခွန်းများ ။

နောက်ဆုံး မေးခွန်းက အရေးအကြီးဆုံးပင် ဖြစ်သည် ။ ယင်းမေးခွန်းနှင့် ပတ်သက် ပြီး ကျွန်ုပ် ဖြေကြားနိုင်သည် ကတော့ အဲဒီအကြောင်း ဝတ္ထုကို ဖတ်ရှုရင်း စာဖတ်သူဘာသာ တွေ့ရှိပါလိမ့်မည်ဟုသာ ဖြစ်သည် ။ သို့သော် ဝတ္ထုကို ဖတ်ရှုပြီးနောက် စာဖတ်သူ မတွေ့ ရှိခဲ့လျှင် ဘယ်လိုလုပ်ရမည်နည်း။ အလက်ဇီ ကာရာမာဇော့သည် တစ်နည်းတစ်လမ်းအားဖြင့် ထူးခြား ထင်ရှားသည် ဟု စာဖတ်သူ သဘောမတူခဲ့လျှင် ဘယ်လိုလုပ်ရမည်နည်း။ ယခုကဲ့သို့ ကျွန်ုပ် ပြောဆိုနေရသည် မှာ ယင်းကဲ့သို့ ဖြစ်ဖို့ များ သောကြောင့် ဖြစ်သည် ။ ကျွန်ုပ် အနေနှင့် တော့ သူသည် ထူးခြားထင်ရှားသည် မှာ အမှန်ပင်ဖြစ်သည် ။ သို့သော် ယင်းအချက်ကို စာဖတ်သူများ သဘောပေါက် နားလည်အောင် ကျွန်ုပ် ရှင်းပြနိုင်ပါမည်လား ဟူသည် ကိုတော့ ကျွန်ုပ် သံသယရှိနေပါသည် ။ ပြဿနာက သူသည် တစ်နည်းတစ်လမ်း အားဖြင့် လှုပ်ရှားနေသူတစ်ဦး ဖြစ်သော်လည်း သူ၏ လှုပ်ရှားမှုသည် ကွဲပြားကြည်လင်ခြင်း မရှိဘဲ ခပ်ရေးရေးမျှသာ ဖြစ်ချေသည် ။ သို့သော် ကျွန်ုပ်တို့ ကြုံတွေ့နေရသော ခေတ်မျိုးတစ်ခေတ်တွင် လူတွေထံမှ ရှင်းလင်းကြည်လင်မှုကို တောင်းခံ နေခြင်းသည် အထူးအဆန်းတစ်ခုပင် ဖြစ်ပေလိမ့်မည်။

သို့သော် အငြင်းမပွားနိုင်သော အချက် တစ်ခုတော့ ရှိသည် ။ သူက ထူးဆန်းသော လူတစ်မျိုး ဖြစ်သည် ။ သို့သော် ထူးဆန်းခြင်းနှင့် လူတစ်မျိုးဖြစ်ခြင်းသည် လူတစ်ယောက်အဖို့ အကောင်းသဘောထက် နာမည်ဆိုးတစ်ခု ဖြစ်နေတတ်သည် ။ အထူးသဖြင့် လူတစ်ယောက်၏ ပင်ကိုအရည်အသွေးကို သာမန်မျှသာ ဖြစ်သည် ဟု ယူဆပြီး အနှစ်သာရကို ရှုပ်ထွေးနေသော အယူဝါဒများကြားတွင် ရှာဖွေနေသော ယနေ့ခေတ်မျိုးတွင် ပင် ဖြစ်သည် ။ သို့သော် တစ်ဖက်က ပြောရလျှင် ထူးဆန်းသောလူတစ်မျိုး ဟူသည် မှာ ပင် ကိုယ်ပိုင် အရည်အသွေးတစ်ခုပင် ဖြစ်သည် ၊ ခြွင်းချက်တစ်ခုပင် ဖြစ်သည် မဟုတ်ပါလော။

အကယ်၍ ကျွန်ုပ်၏ နောက်ဆုံး ပြောဆိုချက်ကို အသင် သဘောမတူဘဲ ဤလိုမျိုး မဟုတ်ပါ၊ သို့မဟုတ် ဤလိုမျိုး အမြဲတစေ မဟုတ်ပါဟု ပြန်ပြောခဲ့လျှင် ကျွန်ုပ်သည် ကျွန်ုပ်ဇာတ်လိုက်၏ အရေးပါမှုအတွက် ဝမ်းသာရပေမည်။ ပင်ကိုအရည်အသွေးသည် ‘အမြဲတစေ’ မဟုတ်ဘဲ ခြွင်းချက်မျှသာ ဖြစ်ခဲ့လျှင်၊ တစ်ခါတလေမှ သာ လူတစ်မျိုးဖြစ်ခဲ့ လျှင် ယင်း၏ သဘောသည် အချိန်ကာလတစ်ခုတွင် လူများအားလုံးကို ပုံသွန်းလောင်းထား သကဲ့သို့ မဟုတ်မူသောကြောင့် ဖြစ်သည် ။

ဘာမျှ ပြဿနာမရှိခဲ့လျှင် ကျွန်ုပ်သည် ဘယ်လိုမျှစိတ်ဝင်စားဖွယ်ရာမကောင်းသော မရေရာသည့် ရှင်းလင်းချက်များ တွင် ဘာမျှ အချိန်ကုန်ခံနေစရာ မရှိပါ။ ကျွန်ုပ်၏ ဇာတ်လမ်းကို နိဒါန်းမပါဘဲ စလိုက်ရုံသာဖြစ်သည် ။ စာဖတ်သူတို့ သဘောကျခဲ့လျှင် သည် ဇာတ် လမ်းကို ရှိနေသည့် အနေအထားအတိုင်း ဖတ်သွားကြရုံဖြစ်သည် ။ သို့သော် ပြဿနာက ကျွန်ုပ်သည် အတ္ထုပ္ပတ္တိတစ်ခုကို ကိုင်တွယ်ရာတွင် ဝတ္ထုဇာတ်လမ်းက နှစ်ပုဒ် ဖြစ်နေသည် ။ အဓိက ဝတ္ထုဇာတ်လမ်းက ဒုတိယဝတ္ထု ဖြစ်နေသည် ။ ဒုတိယဝတ္ထုက ကျွန်ုပ်၏ ဇာတ်လိုက် ၏ ယနေ့ကာ

လ လှုပ်ရှားမှုများ ဖြစ်နေသည် ၊ လက်ရှိကာလ ဖြစ်နေသည် ။ ပထမဝတ္ထု၏ လှုပ်ရှားမှုများက လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်ကာလက ဖြစ်သည် ။ သို့သော် အမှန်တကယ် တွင် မူ ယင်းအဖြစ်အပျက်များသည် ဝတ္ထုတစ်ပုဒ် မဟုတ်ဘဲ ကျွန်ုပ်၏ ဇာတ်လိုက် ငယ်စဉ်ဘဝက အခန်းတစ်ခန်းမျှသာ ဖြစ်ပေသည် ။ ကျွန်ုပ်အနေနှင့် ပထမဝတ္ထုကို မည်သည့် နည်းနှင့် မျှ ချန်လှပ်ထားခဲ့၍ မဖြစ်နိုင်ပါ။ အကြောင်းမှာ ပထမပိုင်း မပါခဲ့လျှင် ဒုတိယဝတ္ထုမှ အစိတ်အပိုင်း တော်တော်များများကို နားလည်နိုင်ကြမည် မဟုတ်ပါ။ သို့သော် ယင်းအချက် ကပင်လျှင် ကျွန်ုပ်၏ မူလပထမ အခက်အခဲကို ပိုမိုရှုပ်ထွေးစေတော့သည် ။ ကျွန်ုပ်သည် အတ္ထုပ္ပတ္တိ ဆရာတစ်ဦးအနေဖြင့် ဇာတ်လိုက်မဆန်သော ဇာတ်လိုက်တစ်ဦးအတွက် ဝတ္ထု တစ်ပုဒ်သည် ပင် များ လွန်းနေပြီဆိုလျှင် ကျွန်ုပ်သည် အဘယ်ကြောင့် သူ့အကြောင်းကို ဝတ္ထုနှစ်ပုဒ် ရေးရချေမည်နည်း။ ယင်းကဲ့သို့ ကြီးကျယ်ခြင်းမျိုးကို ကျွန်ုပ်အနေနှင့် မည်သို့ ဖြေရှင်းရချေမည်နည်း။

ဤမေးခွန်းများ အတွက် အဖြေ မရရှိနိုင်သောအခါ ကျွန်ုပ်အဖို့ အကောင်းဆုံးသော အလုပ်မှာ ယင်းမေးခွန်းများကို အဖြေမရှိဘဲ ထားခဲ့ဖို့ပင်ဖြစ်သည် ။ အကင်းပါးသော စာ ဖတ်သူတစ်ဦးသည် ကျွန်ုပ်အနေနှင့် ဤအခြေအနေသို့ ရောက်အောင် လုပ်ဆောင်နေကြောင်း အစောကြီးကတည်းက ရိပ်စားမိပြီး တန်ဖိုးရှိသော အချိန်များ နှင့် စာမျက်နှာများကို ဖြုန်းတီး နေသည့် အတွက် ကျွန်ုပ်ကို စိတ်မဆိုးဘဲ နေနိုင်လိမ့်မည် မဟုတ်ပါချေ။ သည် အတွက် အမှန်အတိုင်း ပြောရမည်ဆိုလျှင် တန်ဖိုးရှိသော အချိန်များ နှင့် စာမျက်နှာများကို ကျွန်ုပ် ဖြုန်းတီးနေခြင်းမှာ (တစ်) ယဉ်ကျေးမှု သဘောဖြစ်ပြီး (နှစ်) ပါးနပ်မှုသဘောပင် ဖြစ်သည် ။ ယင်းသို့တပြီးကား စာဖတ်သူကို ကျွန်ုပ် အချိန်မီ သတိပေးရ

ပါမည်။ ကျွန်ုပ်၏ ဝတ္ထုသည် တစ်ပေါင်းတစ်စည်း တစ်ခုတည်းသာ ဖြစ်သော်လည်း လက်တွေ့တွင် ဇာတ်လမ်းနှစ်ခု ကွဲနေသည့် အတွက် ကျွန်ုပ် ဝမ်းသာရသည် ။ အကြောင်းမှာ စာဖတ်သူသည် ပထမဝတ္ထုကို ဖတ်ပြီးသည့် နောက်တွင် ဒုတိယဝတ္ထုကို ဆက်ဖတ်သင့် မသင့်ကို သူ့ဘာသာ ဆုံးဖြတ်နိုင်သောကြောင့် ဖြစ်သည် ။ မည်သူ့ကိုမျှ အတင်းအကျပ် ပြုလုပ်၍ မရနိုင်ပါ။ စာဖတ်သူသည် ပထမ ဝတ္ထုကို နှစ်မျက်နှာလောက် ဖတ်ပြီးလျှင် စာအုပ်ကို ပိတ်ပစ်လိုက်နိုင်ပါသည် ။ ဘယ်တော့မှ ပြန်မဖွင့်ဘဲလည်း နေနိုင်ပါသည် ။ သို့ရာတွင် ဖြောင့်မတ်သော စာဖတ်သူများ သည် သူတို့ ၏ ဘက်မလိုက်သော ဆုံးဖြတ်မှုကို မထိခိုက်စေလိုသဖြင့် ဝတ္ထုကို အဆုံးအထိ ဖတ်သွားကြမည်သာ ဖြစ်သည် ။ ဥပမာပြောရလျှင် ရုရှားဝေဖန်ရေးဆရာများ အားလုံးပင် ဤအတိုင်းပင် ဖြစ်ကြသည် ။ ဤကဲ့သို့သော စာဖတ်သူများကို ကျွန်ုပ် စိတ်အေး ချမ်းသာစွာဖြင့်ပင် ပြောနိုင်ပါသည် ။ ပထမပိုင်းကို ဖတ်ပြီးလျှင် ဝတ္ထုကို ဆက်ပြီး မဖတ်ရန် ကျွန်ုပ်အနေနှင့် ဝမ်းမြောက်ဝမ်းသာ ခွင့်လွှတ်နိုင်ပါသည် ။ ဤကား ကျွန်ုပ်၏ နိဒါန်းတွင် ကျွန်ုပ် ပြောစရာရှိသည် များ အားလုံးပင်ဖြစ်သည် ။ ဤအမှာ ကိုရေးရန် မလိုကြောင်း ကျွန်ုပ်ကောင်းကောင်း သဘောတူပါသည် ။ သို့သော် ရေးပြီးသွားပြီ ဖြစ်သဖြင့် ဤအတိုင်းပင် ရှိပါစေတော့။ ကဲ ... လုပ်ငန်းစကြစို့။

*****

# အပိုင်း တစ်

## ပထမကဏ္ဍ - မိသားစုရာဇဝင်

### ၁။ ဖျိုဒါ ပက်ဗလိုဗစ် ကာရာမာဇော့

အလက်ဇီ ကာရာမာဇော့သည် ကျွန်ုပ်တို့ ခရိုင်တွင် မြေပိုင်ရှင်တစ်ဦး ဖြစ်သော ဖျိုဒါ ပက်ဗလိုဗစ် ကာရာမာဇော့၏ တတိယသား ဖြစ်သည် ။ ဖျိုဒါ ကာရာမာဇော့သည် သူ့ခေတ် သူ့အခါက အကျော်ဇေယျ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ထူးခြား ဆန်းကြယ်စွာနှင့် ကံကြမ္မာ ဆိုးရွားစွာ သေဆုံးခဲ့ရမှုကြောင့် ယခုတိုင်လည်း သူ့ကို ကျွန်ုပ်တို့ အမှတ်တရ ရှိနေကြရသည် ။ ယင်းကဲ့သို့ သူ သေဆုံးခဲ့ရသည် မှာ လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်တိတိက ဖြစ်ပြီး အဆိုပါ အခြင်းအရာများကို ယင်းနှင့် စပ်လျဉ်းသည့် နေရာများ တွင် ကျွန်ုပ် ထည့်သွင်းရေးသား သွားမည်ဖြစ်သည် ။

လောလောဆယ်တွင် မူ ဤ ‘မြေပိုင်ရှင်’ သည် လူထူးလူဆန်းကြီး တစ်ယောက် ဖြစ်ကြောင်းကိုသာ ကျွန်ုပ် ပြောပြလိုပါသည် ။ (သူ့ကို ‘မြေပိုင်ရှင်’ ဟု ကျွန်ုပ်တို့ က ခေါ်ဆို ကြသော်လည်း သူသည် သူ ပိုင်ဆိုင်သော လယ်မြေများ ရှိသည့် နယ်ပယ်တွင် မနေသလောက်ပင် ဖြစ်သည် )။ လူထူးလူဆန်းကြီး တစ်ယောက်ဟု ဆိုရသော်လည်း ရှားရှားပါးပါးထဲက တော့ မဟုတ်ပါ။ ကျွန်ုပ်တို့ မကြာမကြာ တွေ့မြင်နေရသော လူထူးလူဆန်းမျိုးထဲကပင် ဖြစ်ပါသည် ။ လူ့လောကကြီးအတွက် ဘာမျှ တန်ဖိုးမရှိသော ဆန်ကုန်မြေလေး လူဆိုး လူသွမ်း လူဟော့ရမ်း

ကြီး တစ်ဦးဖြစ်ရုံမျှမက ဘာမျှ နားလည်မှုမရှိသော နလပိန်းတုံး ဆိုသော်လည်း အခြား မည်သည့် အကြောင်းအရာကိုမျှ မထောက်ထားဘဲ ကိုယ့်အကျိုး စီးပွားကိုသာ ကောင်းကောင်း ကြည့်တတ်သော တစ်ကိုယ်ကောင်းသမား ထဲက ဖြစ်သည်။

ဥပမာပြရလျှင် ဖို့ဒါ ကာရာမာဇော့သည် သူနှင့် သူသာ နှိုင်းယှဉ်စရာရှိပေသည်။ အမှန်တော့ သူသည် မြေပိုင်ရှင်ကလေး တစ်ဦးမျှသာ ဖြစ်သည်။ သူသည် သူတစ်ပါးက ကျွေးမွေးသည် များ ကိုသာ အမြဲတမ်း လိုက်လံစားသောက်သည် ။ သူသည် တစ်သက်လုံးဆိုသလိုပင် လူ့ကပ်ပါး တစ်ယောက်သာ ဖြစ်ခဲ့သည် ။ သို့သော် သူသေဆုံးသောအခါ ငွေသား ချည်းပင် ရူဗယ်ငွေ တစ်သိန်းမျှ ကျန်ရစ်သည်။ တစ်ချိန်တည်းမှာ ပင် သူသည် သူ့ဘဝ သက်တမ်း တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့ ခရိုင်၏ အဓိပတိ နလပိန်းတုံးနှင့် လူ့အန္တကြီး တစ်ယောက်အဖြစ် ရပ်တည်ခဲ့သည် ။ ဤနေရာတွင် ကျွန်ုပ် ထပ်ပြောဦးမည်။ လူ့အန္တ ဆိုသူများသည် တကယ်တော့ တကယ်ပါး တကယ်နပ်ကြသည်။ သူတို့ က ပုံစံတစ်မျိုးဖြင့် သာ 'တုံး' နေကြခြင်း ဖြစ်သည်။

သူသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး သားသုံးယောက် ထွန်းကားခဲ့သည်။ ပထမဇနီးမှ အကြီးဆုံး ဒီမီထရီကို မွေးဖွားပြီး ဒုတိယဇနီးမှ အိုက်ဗင်နှင့် အလက်ဇီတို့ ကို ဖွားမြင်ခဲ့သည်။ ပထမဇနီး အဒီလေဒါသည် အတော်ကလေးပင် ကုံလုံကြွယ်ဝသော မီယူဆော့ မိသားစုကြီးထဲမှ ဖြစ်သည် ။ ၎င်းတို့ မိသားစုသည် ကျွန်ုပ်တို့ ခရိုင်တွင် မြေပိုင်ရှင်ကြီးများလည်း ဖြစ်ကြသည်။ သည် မျှချမ်းသာပြီး သည် မျှလှပကာ သည် မျှ လိမ္မာရေးခြားရှိသော မိန်းကလေးတစ်ယောက်သည် ဘယ်လိုလုပ်ပြီးသည် လို အသုံးမကျသော လူစားမျိုးတစ် ယောက်နှင့် လက်ထပ်သွားသည် ကို အမှန်တော့ ကျွန်ုပ် ရှင်းပြဖို့ ပင် လိုမည်မဟုတ်ပါ။

အကြောင်းမှာ ကျွန်ုပ်သိသော မိန်းကလေးတစ်ယောက် ရှိသည် ။ နောက်ဆုံးဖြစ်သော စိတ်ကူးယဉ် အချစ်ကမ္ဘာကြီးထဲက မိန်းကလေး ဖြစ်သည် ။ ထိုမိန်းကလေးသည် လူကုံထံ အမျိုးသားတစ်ဦးနှင့် ချစ်ကြိုက်နေသည် ။ မိန်းကလေးသည် တစ်စုံတစ်ရာ အခက်အခဲမရှိဘဲ ထို အမျိုးသားနှင့် အချိန်မရွေး လက်ထပ်ထိမ်းမြား နိုင်သည် ။ သို့သော် မိန်း ကလေးသည် မဖြေရှင်း၊ မကျော်လွှားနိုင်သော အခက်အခဲမျိုးစုံကို တီထွင်တင်ပြပြီး မုန်တိုင်းထန်သော ညတစ်ညတွင် ချောက်ကမ်းပါး ကြီး တစ်ခုထက်မှ နေ၍ ရေစီးသန်သော မြစ်အတွင်းသို့ ခုန်ချသေဆုံး သွားသည် ။ အကြောင်းမူ မိန်းကလေးသည် ရှိတ်စပီးယား၏ ဇာတ် လိုက် မင်းသမီးကလေး အိုဖီလီယာကို အားကျသောကြောင့် ပင် ဖြစ်သ ည် ။

အကယ်၍ သာ ဤမိန်းကလေး ရှာဖွေတွေ့ရှိပြီး နှစ်ပေါင်းများ စွာ စွဲလမ်းနှစ်သက်နေခဲ့သော ချောက်ကမ်းပါးသည် ဤမျှလောက် ဆန်းကြယ်ခြင်းမရှိဘဲ ရေပြင်ညီကမ်းပါး တစ်ခုသာ ဖြစ်ခဲ့လျှင် ဤမိန်း ကလေးသည် ယခုကဲ့သို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ချေမည် မဟုတ်ပေ။ ဤဇာတ်လမ်းသည် တကယ့်အဖြစ်အပျက် တစ်ခုဖြစ်ပြီး နောက်မျိုးဆက် နှစ်ဆက်သုံးဆက်တွင် ဤလိုအဖြစ်မျိုး တစ်ကြိမ်နှစ် ကြိမ်မျှမက ထပ်မံဖြစ်ပွား သည် ဟု ဆိုလျှင်လည်း ကျွန်ုပ် အံ့ဩလိမ့် မည် မဟုတ်ပါ။

အဒီလေဒါ၏ လုပ်ရပ်သည် လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည် ။ အခြားသူတို့ ၏ အတွေးအခေါ်များက သူမအပေါ်တွင် လွှမ်းမိုးခဲ့သည် မှာ သံသယဖြစ်စရာမလိုပါ။ ထို့ပြင် လွတ်လပ်မှုမရှိသော အနှောင်အဖွဲ့ တစ်ခုမှ ရုန်းထွက်လိုခြင်းလည်း ဖြစ်ပါမည်။ သူမသည် အမျိုးသမီးတို့ ၏ လွတ်လပ်မှုကိုလည်း ဖော်ထုတ်လိုပေမည်။ သူမ၏ မိသားစုနှင့် သူမ

တို့ လူတန်းစား၏ ဖိနှိပ်ချုပ်ချယ်မှုများကို စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်ပေမည်။ နောက်ပြီး သူမ၏ အမြင်တွင် ဖျိုဒါကာရာမာဇော့သည် တဒင်္ဂမျှဖြစ်စေ တိုးတက်နေသော ခေတ်ကြီး၏ ရဲရင့်သော သူရဲကောင်းတစ်ယောက်လည်း ဖြစ်နေပေလိမ့်မည်။ ထို့အပြင် သူတို့ ၏ ဇာတ်လမ်းတွင် ခိုးရာလိုက်ပြေးရမည့် အခန်းကလည်း ပါဝင်နေပေသည် ။ ဤစွန့်စားခန်းသည် အဒီလေဒါကို များ စွာမှ ပင် သွေးဆောင်လျက်ရှိတော့သည် ။

ဖျိုဒါကာရာမာဇော့ အဖို့ မူကား ထိုအချိန် ထိုအခါက သူ၏ အခြေအနေအရ သည် လို လုပ်ငန်းမျိုးကို လုပ်ဆောင်ရန် များ စွာလိုအပ်လျက်ရှိလေသည် ။ သူက လုပ်ငန်းတစ်ခုခုကို တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ ဖြစ်သည့် နည်းနှင့် လုပ်ဆောင်ရမည်ဖြစ်သည် ။ ဆွေကြီးမျိုးကြီး တစ်ခုအတွင်းသို့ သူရောက်ရှိပြီး သတို့ သမီးဘက်က တင်သော မင်္ဂလာ ခန်းဝင်ကြေး ရရှိမည့် အရေးမှာ သူ့အဖို့ မဟာအခွင့်အရေးကြီးပင် ဖြစ်တော့သည် ။

ချစ်ခြင်းမေတ္တာအကြောင်း ပြောရလျှင်ကား သည် ကိစ္စတွင် သည် ပြဿနာ လုံးဝ မပါရှိပါ။ သတို့ သမီးဘက်ကလည်း မပါရှိပါ။ သူ့ဘက်ကလည်း မပါရှိပါ။ အဒီလေဒါသည် လှပသည် မှန်သော်လည်း သူ့တွင် အချစ်ဟူသည် မရှိခဲ့ပါ။ သည် လိုဖြစ်ပုံမျိုးမှာ လည်း သူ၏ ဘဝတွင် သည် တစ်ကြိမ်သာ ရှိပါလိမ့်မည်။ အကြောင်းမှာ သူသည် မိန်းမဘက်တွင် အားသန်သူတစ်ဦး ဖြစ်ပြီး မိန်းမဆိုလျှင် အသေရရ အရှင်ရရ ဖြစ်သည် ။ သို့တစေလည်း သည် အမျိုးသမီးက သူ၏ ရမ္မက်ဆန္ဒများကို နှိုးဆွနိုင်ခြင်း မရှိခဲ့ပါ။

အဒီလေဒါသည် ခိုးရာလိုက်ပြေးပြီးနောက် မကြာမတင်မီမှာ ပင် ခင်ပွန်းသည် ကို စက်ဆုပ်ရွံရှာခြင်း ဖြစ်ရတော့သည် ။ သူတို့

အိမ်ထောင်ရေး၏ ဇာတိမှန်မှာ လည်း လျင်မြန် စွာပင် ပေါ်လွင်လာ တော့သည် ။ သတို့ သမီး၏ မိဘများက သူတို့ ၏ သမီးကို လျင်မြန်စွာပ င် လက်ခံသိမ်းပိုက်ပြီး မင်္ဂလာခန်းဝင်ကြေးကို ပေးသော်လည်း သူတို့ လင်မယား၏ ဘဝသည် တစောင်းစေးနှင့် မျက်ချေးလို တကျက်ကျက် ဖြစ်ကြရတော့သည် ။

ဤသို့ ရန်ပွဲများ ဖြစ်ပွားရာတွင် သဘောထားကြီးမြင့်မှုနှင့် ရက်ရော မှုတို့ ကို မိန်းမက ယောကျ်ား ထက် ပြသနိုင်သည် ဟု ဆိုသည် ။ ယောကျ်ား ဖြစ်သူသည် ယခုအခါ အားလုံး သိရှိကြသည့် အတိုင်းပင် အမျိုးသမီး၏ မင်္ဂလာခန်းဝင်ကြေး ရူဗယ် နှစ်သောင်းငါးထောင်ကို ရရှိ သည့် နေ့မှာ ပင် အပိုင်စီးယူလိုက်သည် ။ ယင်းသို့ဖြင့် အဒီလေဒါသည် သူမ၏ မိဘများကပေးသော ခန်းဝင်ကြေးငွေများကို တစ်ပြားတစ်ချပ်မျှ မမြင်ရပါတော့ချေ။

သည် မျှမကပါ။ ဖျိုဒါကာရာမာဇော့သည် ဇနီးသည် ၏ မင်္ဂလာခန်း ဝင်ကြေးတွင် အပါအဝင်ဖြစ်သော တိုက်တစ်လုံးနှင့် လယ်ယာမြေတို့ ကိုလည်း သူ့နာမည်နှင့် ပြောင်းလွှဲယူရန် ကြိုးစားတော့သည် ။ ဤနေ ရာတွင် လည်း သူကြံစည်သည့် အတိုင်း အောင်မြင်တော့ မည်ရှိသည် ။ ဇနီးဖြစ်သူသည် သူ၏ အရှက်ကင်းမဲ့သော တစ်ကိုယ်ကောင်းဆန်မှုများ ကို ကြာတော့ သည်းမခံနိုင်တော့ချေ။ အမျိုးသမီးသည် ဘာပဲလုပ်ရလုပ် ရ အေးအေးချမ်းချမ်း နေရလျှင် တော်ပြီဟု သဘောပေါက်လာသည် ။ သို့သော် ကံကောင်းထောက်မသဖြင့် ဤကိစ္စတွင် သူမ၏ မိဘများက ကြားဝင်သည် ။ သိုက်တူးသူ၏ လုပ်ရပ်ကို ဟန့်တားခဲ့ကြသည် ။

လင်မယားနှစ်ယောက် မကြာခဏ သတ်ပုတ်ကြသည့် အကြောင်း ကြားသိကြရသည် ။ သို့သော် မြို့ထဲတွင် ပြောနေကြသည့် စကားများ

အရဆိုလျှင် ထောင်းသူ နှက်သူ ရိုက်ပုတ်သူမှာ ကာရာမာဇော့ မဟုတ်ဘဲ အဒီလေဒါ ဖြစ်နေသည် ။ သူမက စိတ်မြန်သည် ၊ စိတ်တိုသည် ၊ အကြောက်အလန့်မရှိ၊ ခွန်အားဗလ ကြီးမားသည် ။

နောက်ဆုံးတွင် သူမသည် ဆင်းရဲနွမ်းပါးသော ကျောင်းဆရာကလေး တစ်ယောက် နှင့် ထွက်ပြေးသည် ။ သုံးနှစ်သားကလေး မစ်တယာ (ဒီမီထရီ) ကို ခင်ပွန်းသည် ၏ လက်တွင် ပစ်ထားခဲ့သည် ။

ထိုအခါ ကာရာမာဇော့သည် တစ်မုဟုတ်ချင်းမှာ ပင် သူ့အိမ်ကို မိန်းမဆောင် အနောက် နန်းအဖြစ် ပြောင်းလဲပစ်သည် ။ အထိန်းအကွပ်မရှိသော အရက်ဝိုင်းများ ကျင်းပသည် ။ သည် ပွဲများ မရှိသည့် ကာလတွင် သူသည် ပြည်နယ်အနှံ့ လျှောက်သွားပြီး သူ့မိန်းမ ထွက်ပြေးသည့်အကြောင်း မျက်ရည်စက်လက်ဖြင့် တိုင်တန်းပြောဆိုသည် ။ သူတို့ ၏ အိမ်ထောင်ရေး ဘဝကို အသေးစိတ် ပြောပြသည် ။ လင်ယောကျ်ား တစ်ယောက်အနေဖြင့် အရှက်ကွဲ အကျိုး နည်းဖွယ်ရာများ ဖြစ်သည် ။ အမှန်တော့ သူသည် လူ့လောက ဇာတ်ခုံကြီးတွင် အသည်းကွဲသော လင်ယောကျ်ား တစ်ယောက်အဖြစ် ကပြနေရသည် ကို ကျေနပ်နှစ်သိမ့်နေဟန် ရှိသည် ။

'ခင်ဗျားအဖို့ ကုသိုလ်ကံ အကျိုးပေးတာပဲလို့ လူတွေထင်စရာပဲ၊ ဘာဖြစ်လို့ လဲ ဆိုတော့ ခင်ဗျားက ကြေကွဲဝမ်းနည်းရမယ့်အစား အပျော်ကြီး ပျော်နေလို့ ပဲ'

သရော်သူတွေက သူ့ကို သရော်ကြသည် ။ သူသည် အရှုးကြီးဇာတ်ခင်းနေရသည် ကို ပျော်မွေ့နေသည် ဟု လူတွေက ဆိုကြသည် ။ သူ့ကိုယ်သူ အပေါကြီးဖြစ်နေမှန်းမသိ ဟန်ဆောင် နေသည် က ပို၍ ပေါနေခြင်းပင် ဖြစ်သည် ဟု မှတ်ယူကြသည် ။ သို့သော် သူ့အကြောင်း သိ

သူများ အဖို့ မူ သူသည် အမှန်အတိုင်း ရိုးသားစွာ ပြုလုပ်နေခြင်းပင် ဖြစ်သည် ။

နောက်ဆုံးတွင် မူ အိမ်မှ ထွက်ပြေးသွားသောမိန်းမ ဘယ်မှာ ရှိသည် ကို သူ သိရှိ သွားသည် ။ အကြင်မိန်းမသည် ပီတာစဘတ်မြို့တွင် ရှိနေသည် ။ သူမ၏ လင်ငယ်နှင့် အတူ လိုက်ပါသွားခြင်း ဖြစ်သည် ။ အမျိုးသမီးသည် ပီတာစဘတ်မြို့တွင် ဘဝလွတ်မြောက်မှုကို အပြည့်အဝ ခံစားလျက် ရှိသည် ။

ကာရာမာဇော့သည် ပီတာစဘတ်သို့ လိုက်ရန် ချက်ချင်းပင် ပြင်ဆင်သည် ။ အဘယ် ကြောင့် နည်း။ အဘယ်ကြောင့် ဆိုသည် ကို သူကိုယ်တိုင်လည်း မသိပါ။ သူက တကယ် သွားရောက်မည်လည်း ဖြစ်သည် ။ သို့ရာတွင် သူသည် ပီတာစဘတ်သို့ လိုက်ရန် ဆုံးဖြတ် သည် တွင် လမ်းခရီးအတွက် ရဲဆေးတင်သည့် အနေနှင့် အရက်သေစာကို အလွန်အကျွံ အထိန်းအကွပ်မရှိ သောက်တော့၏။ ထိုအချိန်မှာ ပင် ပီတာစဘတ်မြို့၌ အဒီလေဒါ ကွယ်လွန်ကြောင်း သူမ၏ မိသားစုသို့ သတင်းရောက်ရှိသည် ။

သူမသည် အထပ်ခိုးကလေး တစ်ခုတွင် ရုတ်တရက် ကွယ်လွန်သွားခြင်း ဖြစ်သည် ။ သတင်းတစ်ခုကမူ တိုက်ဖွိုက်ရောဂါဟု ဆိုသည် ။ အခြားသတင်းတစ်ခုကမူ ငတ်မွတ် ခေါင်းပါးခြင်းဟု ဆိုသည် ။

သူ့ဇနီး ကွယ်လွန်သည့် သတင်းကို ကြားရချိန်တွင် ကာရာမာဇော့ မူးနေသည် ။ သူသည် လမ်းမပေါ်သို့ ပြေးထွက်သွားကာ လက်နှစ်ဖက်ကို မိုးပေါ်သို့ မြှောက်ပြီး ဝမ်းသာအားရ ဟစ်ကြွေးသည် ။

'အို ... ဘုရားသခင်၊ သင်၏ ကျေးကျွန်တစ်ဦးကို ငြိမ်းချမ်းစွာ ထွက်ခွာခွင့် ပြုလိုက်ချေပြီတကား ...'

သို့သော် အချို့၏ အဆိုအရမူ ကာရာမာဇော့သည် ကလေးငယ် တစ်ယောက်ပမာ သည်းထန်စွာ ငိုကြွေးသည် ဟု ဆိုသည်။ ယင်းသို့ဖြင့် လူတွေသည် သူ့ကိုကြည့်ပြီး သနား ကြရသည် ဟု ဆိုသည်။

သည် သတင်းနှစ်ခုစလုံး မှန်နိုင်ပါသည်။ သူသည် လွတ်ပြီကျွတ်ပြီ ဆိုပြီး ဝမ်းသာခြင်းလည်း ဖြစ်နိုင်သည်။ သူ့ကို လွတ်မြောက်ခွင့်ပေးလိုက်သည့် ဇနီးသည် အတွက် ငိုကြွေးခြင်းလည်း ဖြစ်နိုင်ပါသည်။ သည် နှစ်ခုစလုံး တစ်ပြိုင်တည်းမှာ ပင် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပြောရလျှင် လူလိမ်လူကောက်များ အပါအဝင် လူတွေသည် ကျွန်ုပ်တို့ ထင်မှတ်ထားသည် ထက် ပိုပြီး အတတ်ပညာ နည်းကြပါသည်။ ရိုးသားကြပါသည်။

ကျွန်ုပ်တို့ ကိုယ်တိုင်လည်း သည် အတိုင်းပင် ဖြစ်ကြပါသည်။

*****

၂။ သားအကြီးကို ပ ထုတ်ခြင်း

သည် လိုလူမျိုး တစ်ယောက်သည် ဘယ်လို အဖေမျိုး ဖြစ်ပြီး သူ့ကလေးတွေကို ဘယ်လိုမျိုး မွေးမြူမည်ကို စဉ်းစားတွေးတောကြည့်ရန် မခက်ခဲပါ။ လူတွေ စိတ်ကူးမှန်းဆထားသည့် အတိုင်းပင် သူသည် ပထမဇနီးမှ ရသော ကလေးကို စွန့်ပစ်ထားသည်။ မလိုမုန်းထား၍ လည်း မဟုတ်ပါ။ ပထမအိမ်ထောင်ကို စိတ်နာ၍ လည်း မဟုတ်ပါ။ သည် ကလေး ရှိနေသည့် အဖြစ်ကို မေ့လျော့နေ၍ သာ ဖြစ်ပါသည်။

သူသည် လူတကာတွေ စိတ်ပျက်အောင် တိုင်ကာတောကာ ငိုကာရယ်ကာဖြင့် သူ့ အိမ်ကြီးကို ဒုစရိုက်လောကကြီးအဖြစ် တည်ထောင်နေစဉ်တွင် သူတို့ မိသားစု၏ သစ္စာ တော်ခံ အစေခံကြီး တစ်ဦးဖြစ်သော ဂရီဂိုရီကူတူဇော့က သုံးနှစ်သားကလေး မစ်တယာကို စောင့်ရှောက်

ကျွေးမွေး ထားရသည် ။ သည် အချိန်က သည် ကလေးကို သည် အစေခံကြီးကသာ စောင့်ရှောက်မထားခဲ့လျှင် ကလေးကို အကျိုးဆောင်ပေးမည့် သူ ပင် မရှိပါချေ။

သည် မျှမကပါ။ ကလေး၏ အမေဘက်က ဆွေမျိုးတွေကလည်း ပထမပိုင်းတွင် သည် ကလေးလေးကို မေ့လျော့နေကြဟန် ရှိပါသည် ။ ကလေး၏ အဘိုးဖြစ်သူ မစ္စတာ မီယူဆော့ မှာ လည်း ကွယ်လွန်ပြီ ဖြစ်သည် ။ အဘွားဖြစ်သူမှာ လည်း မော်စကိုမြို့တွင် နေထိုင်ပြီး အသည်းအသန် နာမကျန်းလျက် ရှိသည် ။ အဒေါ်များ အားလုံးလည်း အိမ်ထောင် ကျကုန်ကြပြီ ဖြစ်သည် ။ ယင်းသို့ဖြင့် မစ်တယာသည် ဂရီဂိုရီ၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် အစေခံတန်းလျားတွင် တစ်နှစ်နီးပါးမျှ နေထိုင်ရသည် ။

အကယ်၍ ကာရာမာဇော့သည် သည် ကလေးလေးကို အမှတ်ရသည် ဆိုလျှင်လည်း (သူသည် ဤကလေးလေး ရှိနေသည် ကို လုံးဝကြီးတော့ သတိမပြုမိဘဲ မနေတန်ရာပါ) သူသည် ကလေးငယ်ကို အစေခံတန်းလျားသို့ ပြန်ပို့မည်သာ ဖြစ်ပေသည် ။ အကြောင်းမှာ ကလေးငယ်သည် သူ၏ ပေါက်လွှတ်ပဲစား ဘဝကို ဝင်ရောက် နှောင့်ယှက် နိုင်သောကြောင့် ပင် ဖြစ်ပါသည် ။

သည် အချိန်မှာ ပင် အဒီလေဒါ၏ အစ်ကိုဝမ်းကွဲ တစ်ဦးဖြစ်သော ပီတာမီယူဆော့သည် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ပြန်လည် ရောက်ရှိလာသည် ။ သူသည် နောက်ပိုင်းကာလတွင် နိုင်ငံခြား၌ နှစ်ပေါင်းများ စွာ နေထိုင်ခဲ့သော်လည်း ထိုအချိန်ကမူ လူရွယ်တစ်ဦးသာ ဖြစ်သည် ။ သို့သော် သူသည် အခြားသော မီယူဆော့များ နှင့် မတူဘဲ အထူးပင် ယဉ်ကျေး ဖွယ်ရာသော ပညာတတ်တစ်ဦး ဖြစ်တော့သည် ။ သူသည် ပီ

တာစဘတ် မြို့တော်ကြီးတွင် နေထိုင်ခဲ့သည် ။ နိုင်ငံခြားတွင် နေထိုင်ခဲ့သည် ။ သူ၏ ဘဝသည် ဥရောပစံချိန်မီ ဖြစ်သည် ။ အသက်အရွယ် ကြီးလာသောအခါတွင် သူသည် ထောင့်ရှစ်ရာလေးဆယ် ငါးဆယ်ခေတ်က လစ်ဘရယ်တစ်ဦး၏ ပုံစံပင် ဖြစ်တော့သည် ။

သူ၏ သက်တမ်း ကာလတစ်လျှောက်တွင် သူသည် ထင်ရှားသော လစ်ဘရယ် ခေါင်းဆောင်ကြီး များ နှင့် တွေ့ဆုံသိကျွမ်းခဲ့သည် ။ ရုရှားနိုင်ငံတွင် ရော နိုင်ငံခြားတွင် ပါ ဖြစ်သည် ။ သူသည် ပြင်သစ်ဆိုရှယ်လစ် ခေါင်းဆောင်ကြီး ပရုဒေါင်နှင့် လည်း လူချင်း သိကျွမ်းသည် ။ ရုရှား တော်လှန်ရေး ခေါင်းဆောင် ဘာကူနင်နှင့် လည်း လူချင်း သိကျွမ်းသည် ။ နောက်ပိုင်းနှစ်များ တွင် သူ၏ အတွေ့အကြုံများကို ပြန်လည်ပြောဆိုသောအခါ ၁၈၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ပါရီတော်လှန်ရေး အကြောင်းကို အထူးပင် အလေးပြု ပြောဆိုတတ်ပါသည် ။ ခံကတုတ် တိုက်ပွဲများ တွင် သူကိုယ်တိုင် ပါဝင်ခဲ့သည် ဟု ဆိုသည် ။ ငယ်စဉ်က သူ၏ ဘဝနှင့် ပတ်သက်ပြီး အထူးပင် ဂုဏ်ယူဖွယ်ရာ အဖြစ် တစ်ခုပင် တည်း။

ပီတာမီယူဆော့သည် ပစ္စည်းဥစ္စာ ကြွယ်ဝသူတစ်ဦး ဖြစ်သည် ။ ရှေးခေတ်စကားနှင့် ပြောရလျှင် ကျေးကျွန်ပေါင်းတစ်ထောင် ပိုင်ဆိုင်သည် ။ သူ၏ သာယာလှပသော ပိုင်နက် ခြံမြေသည် ကျွန်ုပ်တို့ မြို့ကလေး၏ အစွန်တွင် တည်ရှိပြီး ကျွန်ုပ်တို့ ၏ နာမည်ကျော် ဘုန်းတော်ကြီးကျောင်း ဝတ္ထာကနယ်မြေနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည် ။ သူသည် ဤပိုင်နက်ခြံမြေကို အမွေဆက်ခံ ရရှိသည် နှင့် တစ်ပြိုင်နက် မြစ်ထဲတွင် ငါးမျှားခွင့်နှင့် ပတ်သက်၍ သော် လည်းကောင်း၊ သို့မဟုတ် တောထဲတွင် ထင်းခုတ်ခွင့်နှင့် ပတ်သက်၍ သော်လည်းကောင်း ရှည်လျားထွေပြားသော တရား စွဲဆိုမှုကြီးများကို ပြုလုပ်တော့သည် ။ မည်သည့်

အကြောင်းကိစ္စ ဟူ၍ ကား ကျွန်ုပ် သေချာစွာမသိပါ။ သို့သော် သူ့အနေနှင့် ဤသို့ ဘုန်းတော်ကြီးများကို တရားရုံးတွင် တရားစွဲဆိုခြင်းမှာ နိုင်ငံသား တစ်ဦး အနေနှင့် သော် လည်းကောင်း၊ ပညာတတ်တစ်ဦး အနေနှင့် သော် လည်းကောင်း တာဝန် ရှိသည် ဟု ယူဆ သောကြောင့် ဖြစ်ပါသည် ။

အဒီလေဒါ၏ အကြောင်းစုံကို ကြားရပြီး (အဒီလေဒါကို သူ ကောင်းစွာ အမှတ်ရနေသည် ။ သူသည် တစ်ချိန်ကဆိုလျှင် သူမကို စွဲလမ်းခြင်းပင် ဖြစ်ခဲ့ရသည် ) မစ်တယာကလေး ရှိနေသည့် သတင်းကို သိရသောအခါ သူသည် လူငယ်ဘာဝ ဒေါသဖြစ်ပြီး ကာရာ မာဇော့ကို ရွံရှာစက်ဆုပ်ခြင်း ရှိသော်လည်း ဤကိစ္စတွင် ကြားဝင်လေတော့သည် ။ သူသည် ဤကိစ္စနှင့် ပတ်သက်ပြီး ကာရာမာဇော့နှင့် ပထမဆုံးအကြိမ် သိကျွမ်းရသည် ။ ကလေး၏ တာဝန်ကို သူယူမည်ဖြစ်ကြောင်း ကာရာမာဇော့ကို တုံးတိကြီးပင် ပြောချလိုက်သည် ။

နောင်အခါများ တွင် ဤကိစ္စနှင့် ပတ်သက်ပြီး တွေ့ကြုံခဲ့ရသောဟန်ဆောင်မှု စရိုက်တစ်ခု အကြောင်းကို သူပြန်ပြောလေ့ရှိသည် ။ မစ်တယာ အကြောင်း ကာရာမာဇော့ကို သူ ပြောသောအခါ ကာရာမာဇော့သည် ဘာမှ နားမလည်သလို ရှိနေသည် ။ မည်သည့် ကလေး တစ်ယောက်အကြောင်း ပြောနေမှန်း မသိသလိုပင် ဖြစ်သည် ။ သူ၏ အိမ်တွင်းတစ်နေရာတွင် သူ၏ သားကလေး တစ်ယောက် ရှိနေသည် ဆိုသည့် သတင်းကို သူ အံ့သြနေဟန် ရှိသည် ။ မီယူဆော့၏ စကားသည် ပုံကြီးချဲ့လွန်းရာ ကျနိုင်သော်လည်း သူ့စကားတွင် အမှန်တွေ အများကြီး ပါရှိနိုင်ပါသည် ။

အမှန်အတိုင်း ပြောရလျှင် ကာရာမာဇော့သည် သူ့ဘဝသက်တမ်း

တစ်လျှောက်လုံးတွင် ပရိယာယ်ဝေဝုစ်တွေ များ တတ်သည် ။ မမျှော်လ င့်သည့် ကိစ္စများကို ပြုမူတတ်သည် ။ သည့် ထက်ပို၍ ပြောရလျှင် မလို အပ်ပါဘဲနှင့် လည်း လုပ်တတ်သည် ။ သူ့အတွက် အကျိုးမရှိသည် ကို လည်း ပြုလုပ်တတ်သည် ။ ဥပမာ ယခု ကိစ္စမျိုးတွင် ဖြစ်သည် ။

ဤအကျင့်အလေ့သည် လူအတော်များများ ၏ ဓလေ့စရိုက်ပင် ဖြစ် သည် ။ ထိုအထဲတွင် အချို့လူများ သည် ကာရာမာဇော့လိုလူမျိုး မဟုတ် ဘဲ အင်မတန် ပါးနပ်လိမ္မာသူများ ဖြစ်ကြသည် ။

ပီတာမီယူဆော့သည် သူ၏ လာရင်းကိစ္စအတွက် အကြိတ်အနယ် အပြင်းအထန် ဆွေးနွေးသည် ။ ကာရာမာဇော့နှင့် အတူတွဲဖက်ပြီး က လေးငယ်၏ အုပ်ထိန်းသူအဖြစ် ခံယူသည် ။ ကလေးငယ်တွင် သူ့အမေ ထားခဲ့သော အိမ်နှင့် မြေရှိသည် ။

မစ်တယာသည် ဦးကြီးဖြစ်သူ မီယူဆော့၏ အုပ်ထိန်းမှုအောက်တွင် နေရမည်ဖြစ်သည် ။ သို့ရာတွင် မီယူဆော့တွင် မိသားစုမရှိပါ။ သူသည် သူ၏ ပိုင်နက်ခြံမြေမှ သီးစားခများ ရယူပြီးနောက် ပါရီသို့ အမြန်ဆုံး ပြ န်ရမည် ဖြစ်ပါသည် ။ ပါရီမှာ ကြာကြာနေမည်ဟု လည်း သူ စိတ်ကူး ထားသည် ။ သို့ဖြင့် ကလေးငယ်ကို မော်စကိုမြို့ရှိ သူနှင့် အဒေါ်ဝမ်းကွဲ တော်စပ်သူ အဘွားကြီးတစ်ဦးထံတွင် လွှဲအပ်ထားခဲ့သည် ။

ယင်းသို့ဖြင့် သူသည် လည်း ပါရီမြို့တွင် အခြေစိုက် နေထိုင်လျက်ရှိ ပြီး ကလေးငယ်ကို မေ့လျော့နေမိတော့သည် ။ အထူးသဖြင့် ဖေဖော်ဝါ ရီ တော်လှန်ရေး ဖြစ်လာသောအခါ ကလေးငယ်ကို မည်သို့မျှ သတိမရ တော့ပါ။ ယင်းတော်လှန်ရေးသည် သူ့ဘဝတွင် အထူးအရေးပါပြီး သူ့တ စ်သက်တာတွင် ဘယ်အခါမှ လည်း မမေ့နိုင်တော့ပါ။

မော်စကိုမြို့မှ အဘွားကြီး ကွယ်လွန်သောအခါ မစ်တယာကို

အဘွားကြီး၏ အိမ်ထောင်သည် သမီးတစ်ယောက်က စောင့်ရှောက် မွေးစားထားရသည် ။ သည့် နောက်တွင် သူသည် စတုတ္ထအကြိမ်အဖြစ် အိမ်ပြောင်းရပြန်သည် ဟု ကျွန်ုပ် ထင်သည် ။ သို့သော် သည် အကြောင်းကို ယခုအချိန်တွင် ကျွန်ုပ် အကျယ်ချဲ့ပြီး မပြောတော့ပါ။ နောက်ပိုင်းတွင် ကျွန်ုပ်သည် ဖျိုဒါကာရာမာဇော့၏ သားကြီး ဩရသ အကြောင်း အများကြီး ပြောရဦးမည်ဖြစ် သည် ။ ထို့ကြောင့် ယခုအခါ တွင် သူနှင့် ပတ်သက်ပြီး အရေးကြီးသည့် အချက်တွေကိုသာ ပြောသွား ပါသည် ။ ထိုအချက်များ မပါရှိဘဲနှင့် လည်း ကျွန်ုပ်၏ ဝတ္ထုကို အစပြုနိုင်မည် မဟုတ်ပါ။

ပထမဆုံးပြောရမည့် အချက်ကတော့ ဖျိုဒါကာရာမာဇော့၏ သား သုံးယောက်တွင် မစ်တယာခေါ် ဒီမီထရီ တစ်ယောက်သာလျှင် သူ့ကိုယ်ပိုင် ပစ္စည်းဥစ္စာရှိပြီး၊ အရွယ်ရောက်သောအခါ သူ့ခြေထောက်ပေါ်တွင် သူလွတ်လပ်စွာ ရပ်တည်နိုင်မည် ဟူသော ခံယူချက်ဖြင့် ကြီးပြင်းလာသူ ဖြစ်သည် ။ သူ၏ ကလေးဘဝ၊ လူရွယ်ဘဝသည် ကြမ်းတမ်း ခက်ထရော် လှသည် ။ သူသည် အခြေခံ အထက်တန်းကျောင်းတွင် သင်တန်း မပြီးဆုံးခဲ့ပေ။ စစ်တက္ကသိုလ်သို့ ဝင်ရောက်ခဲ့သည် ။ ကော့ကေးဆပ် တောင်တန်းဒေသတွင် တာဝန်ကျခဲ့သည် ။ ရာထူး တိုးမြှင့်ခြင်းခံရသည် ။ စိန်ခေါ်ပြီး နှစ်ယောက်ချင်း တိုက်သည် ။ ရာထူးကျသည် ။ တစ်ဖန် ရာထူး ပြန်တက်သည် ။ အပျော်ကြူးသည် ။ အသုံးအဖြုန်း ကြီးသည် ။

သူသည် အရွယ်မရောက်မချင်း သူ့ဖခင်ထံမှ ပိုက်ဆံမရရှိပါ။ သို့ဖြင့် အရွယ်မတိုင်မီက သူ့ဘဝသည် ကြွေးပင်လယ်ဝေခဲ့သည် ။ သူ့ဖခင်ကို သူ ပထမဆုံး တွေ့မြင်ဖူး၊ သိရှိဖူးခြင်းမှာ သူအရွယ်ရောက်ပြီး အမွေကိစ္စ ရှင်းလင်းရန် ကျွန်ုပ်တို့ မြို့ကလေးသို့ သူရောက်ရှိ လာသောအခါမှ ပင် ဖြစ်ပါသည် ။ ထိုအချိန်က တည်းကပင် သူ့ဖခင်ကို သူ မကြိုက်နှစ် သ

က်ကြောင်း သိသာထင်ရှား လှသည် ။ သို့သော် သူ့ဖခင်နှင့် သူ ကြာကြာ မနေပါ။ အလောတကြီးပင် ပြန်သွားသည် ။ သူ့ဖခင်ထံမှ ငွေ အထိုက်အလျောက် ရရှိသွားသည် ။ သူ၏ ခြံမြေမှ ရရှိသော သီးစားခငွေ ကို နောင်အခါတွင် မည်သို့ရယူသွားမည် ဟူသော သဘော တူညီချက် ကို ရရှိသွားသည် ။ သို့သော် ထိုဝင်ငွေပမာဏနှင့် ခြံမြေ၏ တန်ဖိုးမည်မျှ ရှိသည် ကို သူ့ဖခင်ထံမှ သူသိရှိမသွားပါ။ (အင်မတန် စိတ်ဝင်စားဖွယ် ကောင်းသော အချက်တစ်ချက် ဖြစ်သည် )။

မစ်တယာသည် သူ၏ ခြံမြေတန်ဖိုးနှင့် ပတ်သက်ပြီး အသိအမြင် လွဲ မှားကာ ပိုမို တွက်ချက် ထားကြောင်းကို ကာရာမာဇော့သည် သူ၏ သား ကြီးနှင့် ပထမအကြိမ် တွေ့စဉ်မှာ ပင် သိရှိ နားလည်လိုက်သည် ။ (ဤ အချက်သည် လည်း မှတ်သားထားရမည် ဖြစ်သည် ။) ကာရာမာဇော့သ ည် သူ့တွက်ကိန်းနှင့် သူ ဖြစ်သဖြင့် ဤအချက်ကို သဘောကျနေပါသည် ။ သူ၏ သားသည် အတွေးအခေါ်မရှိ၊ ကြမ်းတမ်းသည် ၊ အလိုရမ္မက်များ သည် ၊ စိတ်တိုသည် ၊ အသုံးအဖြုန်း ကြီးသည် ဟု ကာရာမာဇော့ ကော က်ချက်ချသည် ။ သူ့ထံသို့ ရံဖန်ရံခါ ဆိုသလို ပိုက်ဆံပို့ပေးနေလျှင် သူ ကျေနပ်နေမည် ဖြစ်သည် ။

ယင်းသို့ဖြင့် ကာရာမာဇော့သည် ဤနည်းကို အသုံးချလေ တော့သည် ။ သားဖြစ်သူကို ငွေကြေးအနည်းငယ်ဖြင့် လှည့်စားလျက် ရှိ တော့သည် ။ မကြာမကြာ ငွေအနည်းငယ် ပို့ပေးသည့် နည်းဖြင့် ဖြစ် တော့သည် ။ နောက်ဆုံးတွင် မစ်တယာသည် သည်းမခံနိုင်တော့ သဖြင့် သူ့ဖခင်နှင့် အပြီးအပြတ် စာရင်းရှင်းရန် ကျွန်ုပ်တို့ မြို့ကလေးသို့ နောက်လေးနှစ်ခန့် အကြာတွင် ရောက်ရှိလာ တော့သည် ။ သည် အခါ တွင် သူ အံ့သြရသည် ။ သူ့တွင် ဘာမျှ ရစရာမရှိတော့ကြောင်း ရုတ်ခြည်း သိလိုက်ရသည် ။ သူ့ဖခင်ထံမှ ငွေဘယ်လောက်ရရှိထား

သည် ကို သူ မပြောနိုင်ပါ။ သို့သော် သူရရှိထားသော ငွေသည် သူရရန်ရှိသော ငွေထက် ပိုနေပြီး ကြွေးပင်တင်နေပြီ ဖြစ်သည် ။ ဘယ်နေ့ ဘယ်ရက်များက သူ၏ သဘောဆန္ဒအလျောက် ပြုလုပ်ခဲ့သော စာချုပ်စာတမ်းများ အရ သူသည် နောက်ထပ် ဘာတစ်ခုမျှ တောင်းခံခွင့်မရှိတော့ကြောင်း စသည် စသည် ဖြင့် …။

ထိုအခါ မစ်တယာသည် တုန်လှုပ်ချောက်ချားသွားရသည် ။ သူ့ဖခင်က သူ့ကို လိမ်ညာ လှည့်ဖြားသည် ဟု သံသယပွားရသည် ။ သူ့စိတ်သူ ထိန်းမနိုင် သိမ်းမရ ဖြစ်ရတော့သည် ။

ဤအကြောင်းခြင်းရာသည် ပင်လျှင် ဘေးဒုက္ခကြီး တစ်ခုကို ဖြစ်ပေါ်စေတော့သည် ။ ကျွန်ုပ် ရေးသားမည့် ဝတ္ထု၏ နိဒါန်းပိုင်း အကြောင်းအရာပင် ဖြစ်တော့သည် ။ သို့မဟုတ် ဤဝတ္ထု၏ ပြင်ပပိုင်းပင် ဖြစ်တော့သည် ။ သို့သော် ယင်းဝတ္ထုကြောင်းကို ကျွန်ုပ် မရေးဖွဲ့မီတွင် ကာရာမာဇော့၏ သားအငယ် နှစ်ယောက် အကြောင်းကို အနည်းငယ် ပြောကြားလို ပါသေးသည် ။ မစ်တယာ၏ ညီနှစ်ယောက်နှင့် သူတို့၏ မူလဇာစ်မြစ် အကြောင်းတည်း။

* * * * *

၃။ ဒုတိယအိမ်ထောင်နှင့် ဒုတိယ မိသားစု

လေးနှစ်သားအရွယ် မစ်တယာကို လက်လွှတ်သည် နှင့် တစ်ပြိုင်နက် ချက်ချင်းဆိုသလိုပင် ကာရာမာဇော့သည် ဒုတိယအကြိမ် အိမ်ထောင်ပြုလေသည် ။ သူ၏ ဒုတိယအိမ်ထောင်သက် သည် ရှစ်နှစ်မျှ ရှည်ကြာသည် ။ သူသည် ဒုတိယဇနီး ဆိုဖီယာကို ရဟူဒီများ နှင့် စပ်တူ လုပ်ကိုင်သော လုပ်ငန်းကိစ္စတစ်ခုဖြင့် အခြားပြည်နယ်တစ်ခုသို့ သွားရောက်ရင်း ရယူခဲ့ခြင်းဖြစ်သည် ။ ဆိုဖီယာမှာ လည်း ငယ်ရွယ်သော

အမျိုးသမီးကလေး တစ်ယောက်ပင် ဖြစ်သည် ။ ကာရာမာဇော့သည် အသောက်အစား များ ပြီး ပရမ်းပတာ နေထိုင်သော်လည်း သူသည် ငွေပင်ငွေရင်းများ ထည့်ဝင်ကာ သူ၏ လုပ်ငန်းများကိုကား အမြဲတစေလိုပင် အောင်မြင်အောင် လုပ်ဆောင်နိုင်ပေသည် ။ သို့သော် သူ၏ လုပ်ထုံးလုပ်နည်းများကလည်း အမြဲတစေလိုပင် သိမ်ဖျင်း နိမ့်ကျပါသည် ။

ဆို ဖီ ယာ မှာ မိဘမဲ့ကလေး ဖြစ်သည် ။ မထင်ရှားသောသင်းထောက်ဆရာ တစ်ဦး ၏ သမီးဖြစ်သည် ။ သူမတွင် ဆွေမျိုးဉာတိမရှိပါ။ သူမသည် ချမ်းသာကြွယ်ဝသော ဗိုလ်ချုပ် ကြီးကတော် မုဆိုးမကြီး၏ အိမ်တွင် ကြီးပြင်းခဲ့ရသည် ။ ဗိုလ်ချုပ်ကြီးကတော်သည် သူမ၏ ကျေးဇူးရှင်တစ်ဦး ဖြစ်သလို သူမကို နှိပ်စက်ညှဥ်းဆဲသူ တစ်ဦးလည်း ဖြစ်သည် ။ အသေး စိတ် ဖြစ်ပျက်သည် များကိုမူ ကျွန်ုပ် မသိပါ။ သို့သော် ကျွန်ုပ် ကြားသိရသည် မှာ မူ သိမ်မွေ့ နူးညံ့သော မိဘမဲ့ ကလေးမကလေးသည် တစ်ကြိမ်တွင် မူ မုဆိုးမ အဘွားကြီး၏ တပူပူ တဆူဆူဒဏ်ကို မခံနိုင်သဖြင့် ကြိုးဆွဲချသေရန်ပင် ကြိုးစားခဲ့သည် ဟု ဆိုသည် ။ အမှန်တော့ အဘွားကြီးသည် စိတ်သဘောမကောင်း၍ တော့ မဟုတ်ပါ။ သို့သော် သူမသည် အပျင်းထူသော မိန်းမကြီး တစ်ယောက်တော့ ဖြစ်သည် ။

ကာရာမာဇော့သည် မိန်းမငယ်ကလေးကို လက်ထပ်ခွင့်ပြုရန် တောင်းခံသည် ။ သူ့ အကြောင်း စုံစမ်းမေးမြန်းမှုပြုလုပ်ပြီး ငြင်းဆန်လိုက်သည် ။ ထိုအခါ သူသည် ပထမအကြိမ် တုန်းကအတိုင်းပင် မိဘမဲ့ ကလေးမကလေးကို ခိုးရာလိုက်ရန် ပြောသည် ။ မိန်းကလေး သည် သူ့အကြောင်းကိုသာ အချိန်မီ သိရှိခဲ့လျှင် မည်သည့် နည်းနှင့် မျှ သူ့ကို လက်ထပ် ချေမည် မဟုတ်ပေ။ သို့သော် ကာရာမာဇော့၏ အတိတ်ဇာတ်လမ်းသည် အခြားပြည်နယ် တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည် ။

ထို့အပြင် ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးတစ် ယောက်သည် ဘာကို သိရှိနိုင်ပါ မည်နည်း။ သူမသည် ဤအဘွားကြီးနှင့် နေမည့် အစားမြစ်ထဲသို့သာ ခုန်ချလိုပေလိမ့်မည်။ ယင်းသို့ဖြင့် ကံဆိုးမကလေးသည် ကျေးဇူးရှင်မကြီး လက်မှ နေ၍ ကျေးဇူးရှင်ကြီးလက်သို့ ကူးပြောင်း လိုက်လေတော့သည် ။

သည် တစ်ကြိမ်တွင် ကား ကာရာမာဇော့သည် ခြူးတစ်ပြားမှ မရရှိပါ။ ဗိုလ်ချုပ်ကြီး ကတော်သည် ဒေါသူပုန်ထပြီး သူတို့ ကို ဘာမှ မပေးပါ။ ဘယ်လိုမှ လည်း အဆက်အသွယ် မလုပ်တော့ပါ။ ကာရာမာဇော့က လည်း ဘာတစ်ခု ရကောင်းစေဟု သဘောမထားပါ။ အကြောင်းမှာ သူသည် အပြစ်ကင်းစင်သော မိန်းမငယ်၏ အလှတွင် အထူးပင် စွဲလမ်း ငြိတွယ်နေသောကြောင့် ဖြစ်သည် ။ သူမ၏ အပြစ်ကင်းစင်သော အသွင်အမူက သူ့လို ကာမဂုဏ်ကြူးသူ တစ်ယောက် အပေါ်တွင် များ စွာမှ လွှမ်းမိုးခြင်း ဖြစ်တော့သည် ။ ကာရာမာဇော့သည် ထိုအချိန်အထိ ခပ်ကြမ်းကြမ်း အလှများကိုသာ တပ်မက်ခဲ့သူ ဖြစ်သည် ။

'အဲဒီ အပြစ်ကင်းစင်တဲ့ မျက်လုံးကလေးတွေဟာ အဲဒီအချိန်တုန်းက ကျုပ်အသည်း ကို ဓားနဲ့ ခွဲလိုက်သလိုပါပဲဗျာ' ဟု သူသည် နောင်အခါများ တွင် သူ့ဝသီအတိုင်း မပွင့် တပွင့်ရယ်ကာ မကြာခဏ ပြန်လည်ပြောဆိုလေ့ရှိသည် ။

သို့တစေလည်း သူလို ရမ္မက်တဏှာ အားကြီးသူတစ်ဦးအဖို့ အပြစ်ကင်းစင်သော အလှသည် လည်း ကာမဂုဏ်ခံစားမှု တစ်ခုသာ ဖြစ်တော့သည် ။ သူမကို ခြူးတစ်ပြားမှ မပါ ရှိဘဲနှင့် လက်ထပ်ခဲ့သည့်အလျောက် သူသည် သူမကို လင်ကောင်းတစ်ယောက် အဖြစ်နှင့် ဆက်ဆံခြင်း မရှိပါ။ သူမကို ကယ်တင်ခဲ့ရသည့် အဖြစ်နှင့် သူမ၏ နူးညံ့

သိမ်မွေ့မှု၊ ကျိုးနွံမှုတို့ ကို အခွင့်ကောင်း ယူလျက် သူသည် အိမ်ထောင်ရေး စိုပြည်သာယာမှုကို နင်းခြေ ဖျက်ဆီးတော့သည် ။ ဇနီးဖြစ်သူ၏ မျက်မှောက်မှာ ပင် လမ်းပေါ်က မိန်းမတွေကို အိမ်ထဲသို့ ခေါ်လာသည် ။ အပျော်ကြူးသည့် ပွဲကြီးများ ကျင်းပသည် ။

ဖြစ်ပျက်ခဲ့သည် များကို အရင်းအတိုင်း ဖော်ပြရမည်ဆိုလျှင် မထုံတက်သေးနိုင်ပြီး ကိုယ်ကျင့်တရား ကြီးမားသော အစေခံကြီး ဂရိုဂိုရီကူတူဇော့သည် ပထမသခင်မကို မုန်းတီး ခဲ့သော်လည်း ယခုတစ်ကြိမ်တွင် မူ သခင်မ အသစ်ကလေးဘက်မှ မားမားမတ်မတ် ရပ်ကာ အကာအကွယ်ပေးလေတော့သည် ။ သူမအတွက် သူသည် ကာရာမာဇော့နှင့် စကားများ ရသည် ။ တကယ်တော့ အစေခံတစ်ဦးအနေနှင့် မလုပ်အပ်သည့် အလုပ်ပင် ဖြစ်သည် ။ တစ်နေ့တွင် မူ သူသည် အပျော်ကြူးနေသော ပွဲကြီးတစ်ခုကို ဖျက်သိမ်းပစ်လိုက်ပြီး မရှေ့ကဲများ အားလုံးကိုလည်း အိမ်ထဲမှ မောင်းထုတ်ပစ် လိုက်လေသည် ။

နောက်ဆုံးတွင် ကား စိတ်ဒုက္ခရောက်ရသော မိန်းမငယ်ကလေးသည် ငယ်စဉ်ကတည်း ကပင် တုန်လှုပ်ချောက်ချားခဲ့ရသည့် အလျောက် အမျိုးသမီးတွေ ခံစားရလေ့ရှိသော စိတ် ဝေဒနာတစ်ခုကို ခံစားရတော့သည် ။ တောလက်ကျေးရွာများမှ မိန်းမများ ဖြစ်လေ့ဖြစ်ထ ရှိသော စုန်းပူးသလိုလို၊ နတ်ပူးသလိုလို ငိုကာရယ်ကာ စိတ္တဇဝေဒနာမျိုး ဖြစ်သည် ။ ဤမည်သော စိတ္တဇရောဂါ ပြင်းထန်စွာ ဖိစီးသောအခါ သူမသည် စိတ်နှလုံးမမှန် ဖောက်ပြန်ရတော့သည် ။

သို့တစေလည်း သူမသည် ကာရာမာဇော့အတွက် သားနှစ်ယောက် မွေးဖွားပေးခဲ့ သည် ။ အိုက်ဗင်နှင့် အလက်ဇီ ဖြစ်သည် ။ ပထမသားကို အိမ်ထောင်ကျသည့် ပထမနှစ်တွင် မွေးဖွားပြီး ဒုတိယသားကို နောက်

သုံးနှစ်အကြာတွင် မွေးဖွားခြင်းပင် ဖြစ်သည် ။ သူမ ကွယ်လွန်သောအခါ အလက်ဇီကလေးသည် လေးနှစ်အရွယ်သာ ရှိသေးသည် ။ သို့သော် အံ့ဩစရာကောင်းသည် ကတော့ အလက်ဇီသည် သူ၏ မိခင်ကို သေတစ်ပန်သက်ဆုံး တစ်သက်လုံး မှတ်မိနေခြင်းပင် ဖြစ်သည် ။ အိပ်မက်ထဲတွင် တွေ့မြင်ဖူးသည့် ပမာပင် ဖြစ်သည် ။

သူမ ကွယ်လွန်သောအခါတွင် ကလေးငယ်နှစ်ယောက်သည် ၎င်းတို့၏ အစ်ကို မစ်တယာ နည်းတူပင် ဖြစ်ကြရသည် ။ သူတို့ ကို လုံးဝပင် မေ့လျော့ထားကြသည် ။ ဖခင်၏ စွန့်ပစ်ထားခြင်းကို ခံကြရသည် ။ အစေခံကြီး ဂရီဂိုရီ၏ စောင့်ရှောက်မှုကို ခံယူကြရသည် ။ အစေခံတန်းလျားမှာ ပင် နေထိုင်ကြရသည် ။ ထိုအခါတွင် သူတို့ အမေကို ကျွေးမွေးစောင့် ရှောက်ခဲ့သော အာဏာစက် ပြင်းထန်သည့် ဗိုလ်ချုပ်ကြီးကတော် မုဆိုးမကြီးက သူတို့ ကို တွေ့ရှိသွားလေတော့သည် ။ အဘွားကြီးသည် ယခုအချိန်အထိ အသက်ရှင်လျက်ရှိပြီး သည် ရှစ်နှစ်ကာလ တစ်လျှောက်လုံးမှာ ပင် သူတို့ အမေ လုပ်သွားသည် ကို မမေ့နိုင်ဘဲ နာကြည်း လျက်ရှိသည် ။ သို့သော် အဘွားကြီးသည် သည် ရှစ်နှစ်ကာလ တစ်လျှောက်လုံးပင် ဆိုဖီယာ၏ ဘဝကို ယုံကြည်စိတ်ချရသော သတင်းဌာနများမှ နေ၍ အသေးစိတ် ကြားသိနေရသည် ။ ဆိုဖီယာ မည်ကဲ့သို့ နာမကျန်း ဖြစ်နေသည် ၊ ဆိုဖီယာ၏ ပတ်ဝန်းကျင်တွင် မည်မျှ စက်ဆုပ် ဖွယ်ရာတွေ ရှိသည် တို့ ကို ကြားသိနေရသည် ။

'သူ့ထိုက်နဲ့ သူ့ကံ ဖြစ်ရတာပဲ၊ သင်း ကျေးဇူးကန်းတဲ့ အတွက် သင်းကို ဘုရားသခင်က ဒဏ်ခတ်တာပဲ'

အဘွားကြီးက ဆွေမျိုးနီးစပ်များကို ယင်းသို့ ပြောလေ့ရှိပါသည် ။ ဆိုဖီယာ ကွယ်လွန်ပြီး သုံးလတိတိ ပြည့်မြောက်သည့် နေ့တွင် အဘွား

ကြီးသည် ကျွန်ုပ်တို့ မြို့သို့ ရောက်ရှိ လာပြီး ကာရာမာဇော့၏ အိမ်သို့ တန်းတန်းမတ်မတ် သွားရောက်သည် ။ အဘွားကြီးသည် ကျွန်ုပ်တို့ မြို့ တွင် နာရီဝက်မျှသာ နေသွားသည် ။ သို့သော်လည်း နာရီဝက်အတွင်းတွ င် အလုပ်တွေ အများကြီး လုပ်သွားသည် ။

အချိန်မှာ ညနေခင်း ဖြစ်သည် ။ ကာရာမာဇော့သည် အရက်မူးမူးနှ င့် အဘွားကြီး ကို ထွက်တွေ့သည် ။ အဘွားကြီးသည် ရှစ်နှစ်ကာလ အတွင်းတွင် သူ့ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ပါ။ အဘွားကြီးသည် ကာ ရာမာဇော့ကို တွေ့မြင်သည် နှင့် တစ်ပြိုင်နက် ဘာတစ်ခွန်း မျှမပြောဘဲ သူ့မျက်နှာကို နှစ်ချက်ဆင့်ပြီး တအားကုန် ရိုက်ချလိုက်တော့သည် ဟု ဆို၏။ ထို့နောက် သူ့ဆံပင်ကို လက်နှင့် ဆုပ်ကိုင်ပြီး သုံးကြိမ်တိုင်တိုင် ကိုင်ဆောင့်သော ဟူ၏။

ထို့နောက် အဘွားကြီးသည် ဘာစကားတစ်ခွန်းမျှ မပြောဘဲ က လေးနှစ်ယောက် ရှိရာ အစေခံတန်းလျားသို့ တန်းတန်းမတ်မတ်ကြီး လျှောက်သွားသည် ။ ကလေးနှစ်ယောက် ရေမချိုး မိုးမချိုးနှင့် အဝတ်အ စား ညစ်ညစ်ပေပေရှိသည် ကို တွေ့မြင်ရသောအခါ အဘွား ကြီးသည် ဂရီဂိုရီ၏ ပါးကိုလည်း တအား ရိုက်ချလိုက်တော့၏။ ထို့နောက် ကလေး နှစ်ယောက်ကို သူခေါ်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည် ။

အဘွားကြီးသည် ကလေးနှစ်ယောက်ကို အစေခံတန်းလျားမှ လက်ရှိပုံစံအတိုင်း ဖြင့်ပင် ခေါ်ဆောင်သွားသည် ။ သူတို့ ကို စောင်တစ် ထည်ဖြင့် လွှမ်းခြုံပေးပြီး သူမ၏ မြင်းရထားကြီးပေါ်သို့ တင်သည် ။ ထို့ နောက် သူတို့ ကို သူမ၏ မြို့သို့ ခေါ်ဆောင်သွားသည် ။

ဂရီဂိုရီသည် အဘွားကြီး ရိုက်နှက်သည် ကို ဘာတစ်ခွန်းမျှ ပြန်မ ပြောဘဲ ကျိုးနွံ သော အစေခံတစ်ဦးပမာ ခံယူသည် ။ မြင်းရထားဆီသို့

အဘွားကြီး သွားသည် ကို တွေ့ရသောအခါ ဂရိဂိုရီသည် ခေါင်းညွတ်အလေးပြုပြီး မိဘမဲ့ကလေးများကို စောင့်ရှောက်သည့် အတွက် သူမကို ဘုရားသခင် ကောင်းချီးပေးလိမ့်မည်ဟု ဆိုသည် ။

'နင်လည်း အလကား နလပိန်းတုံးကြီးပဲ'

အဘွားကြီးက မြင်းရထားပေါ်မှ နေပြီး ဂရိဂိုရီကို လှမ်းအော်သွားသည် ။

ကာရာမာဇော့သည် ဤအဖြစ်အပျက်များကို ပြန်လည်သုံးသပ်ပြီးနောက် ကောင်းသော လုပ်ရပ်တစ်ခုဟု ကောက်ချက်ချသည် ။ ဗိုလ်ချုပ်ကြီးကတော် မုဆိုးမကြီးက ကလေး တွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပညာသင်ကြားပေးသည် ကို သူက တရားဥပဒေအရ သဘောတူညီမှု ပေးသည် ။ သို့သော် အဘွားကြီးက သူ့ကို ပါးရိုက်သည့် အကြောင်းကိုမူ သူကိုယ်တိုင်လိုက်ပြီး သတင်းဖြန့်လျက် ရှိတော့သည် ။

ဤအကြောင်းခြင်းရာများ ဖြစ်ပွားပြီးနောက် မကြာမတင်မီမှာ ပင် မုဆိုးမကြီးလည်း ကွယ်လွန်သွားသည် ။ သို့သော် အဘွားကြီးသည် သူမ၏ သေတမ်းစာတွင် 'ကလေးများ ၏ ပညာသင်ကြားရေး' အတွက် ရူဗယ်ငွေ တစ်ထောင်စီ အမွေပေးထားခဲ့သည် ။ သို့သော် ခြွင်းချက် တစ်ခုတော့ ရှိပေသည် ။ ဤငွေများကို ကလေးများ အတွက် သုံးစွဲရာတွင် ၎င်းတို့ အရွယ် ရောက်သည် အထိ ဖြစ်စေရမည်။ အကြောင်းမှာ သူမပေးထားခဲ့သော ငွေသည် နည်းပါး လှသော်လည်း ကလေးတွေအတွက်ကား များ လွန်းလျက် ရှိပေသည် ။ သို့သော် တစ်စုံ တစ်ယောက်သည် စေတနာသဒ္ဓါတရား ရှိသည် ဟု ဆိုလျှင်မူ ကလေးတွေအတွက် သူ့ပိုက်ဆံ နှင့် သူ ပိုမိုကုန်ကျနိုင်ပေသည် ။ သေတမ်းစာကို ကျွန်ုပ်ကိုယ်တိုင် မဖတ်ရပါ။ သို့သော် အဘွားကြီး၏ သေတမ်းစာတွင် ယခုကဲ့သို့ ထူးဆန်း

စွာ ရေးသားထားကြောင်းကိုကား ကျွန်ုပ် ကြားသိရသည် ။

အဘွားကြီး၏ အဓိက အမွေဆက်ခံသူမှာ ပြည်နယ် မှူးကြီးမတ်ရာတို့ ၏ အကြီး အကဲ ယီဖင်ပိုလီနော့ ဖြစ်သည် ။ သူက လူကောင်း လူဖြောင့်တစ်ဦး ဖြစ်သည် ။ သူသည် ကာရာမာဇော့နှင့် စာနှစ်စောင် သုံးစောင် ဆက်သွယ်မိသောအခါ ကလေးတွေ၏ ပညာရေးအတွက် သူ့ထံမှ ပိုက်ဆံတစ်ပြားတစ်ချပ်မှ ရရှိနိုင်မည် မဟုတ်ကြောင်း နားလည်သိရှိလာ တော့သည် ။ (အမှန်အတိုင်းမူ ကာရာမာဇော့သည် ငွေကြေးမထောက်ပံ့နိုင်ကြောင်း တိုက် ရိုက် ငြင်းဆိုခြင်း မပြုပါချေ။ သည် ကိစ္စမျိုးတွင် သူလုပ်လေ့ရှိသည့် အတိုင်း နေ့ရွှေ့ ညရွှေ့ လုပ်နေခြင်းသာ ဖြစ်သည် )။

သို့ဖြင့် မစ္စတာပိုလီနော့သည် မိဘမဲ့ ကလေးနှစ်ယောက်၏ တာဝန်ကို ခံယူတော့ သည် ။ သူသည် အငယ်ဖြစ်သော အလက်ဇီကို အထူးပင် ချစ်ခင်ခြင်းရှိသည် ။ ကလေးငယ် သည် သူ့အိမ်တွင် နှစ်ပေါင်းများ စွာ နေထိုင်ပြီး သူ၏ မိသားစုတစ်ဦးပမာ ကြီးပြင်းခဲ့ရသည် ။ ဤအချက်ကို စာဖတ်သူများ မှတ်သားထားစေရန် ကျွန်ုပ် တိုက်တွန်းလိုသည် ။ ကလေးတွေအနေနှင့် သူတို့ ၏ ပညာရေးနှင့် သူတို့ ၏ လူလားမြောက်မှုအတွက် ကျေးဇူး တင်ရမည်ဆိုလျှင် ထိုလူသည် အင်မတန် သဘောထားပြည့်ဝ၍ ကရုဏာတရား ရှိသော မစ္စတာပိုလီနော့ပင် ဖြစ်ပါသည် ။

သူသည် ကလေးများ အတွက် မုဆိုးမကြီး ထားခဲ့သော ရူဗယ်ငွေ တစ်ထောင်စီကို လုံးဝ မထိမတို့ ဘဲ ထားသည် ။ သို့ဖြင့် ထိုငွေသည် ကလေးများ အရွယ်ရောက်သောအခါ အဆက်မပြတ်ရနေသော အတိုးဖြင့် နှစ်ဆဖြစ်နေပေလိမ့်မည်။ ကလေးတွေကို သူ၏ ကိုယ် ပိုင်ငွေဖြင့် ပညာသင်ကြားပေးသည် ။ ကလေးတွေအတွက် ကုန်ကျသော ပညာသင်စရိတ်မှာ ရူဗယ်ငွေ တစ်ထောင် မကသည် ကို အထူးပြောဖွယ်ရာမရှိပါ။

လောလောဆယ်အချိန်တွင် ကျွန်ုပ်သည် ကလေးများ ၏ ကလေးဘ ဝနှင့် လူငယ်ဘဝကို အသေးစိတ် ပြောပြနိုင်မည် မဟုတ်ပါ။ အရေးကြီး သော အကြောင်းအရာ အချို့ကိုသာ ဖော်ပြသွားမည် ဖြစ်ပါသည် ။

အကြီးဖြစ်သော အိုက်ဗင်သည် သူတစ်ပါးတွေနှင့် မရောမနှောဘဲ တစ်ယောက်တည်း နေတတ်သူ ဖြစ်သည် ။ သို့သော် ရှက်ကြောက်တတ် သော ကလေးတစ်ယောက်ကား မဟုတ်ချေ။ သူသည် ဆယ်နှစ်သား အရွယ်ကတည်းကပင် သူတို့ ဘဝကို နားလည်သည် ။ သူတို့ သည် လူစိမ်းတွေကြားထဲတွင် နေရပြီး သူများ တွေ ပေးကျွေးသည် ကို စားနေ ကြရသည် ။ သူတို့ ၏ အဖေသည် စကားထဲတွင် ထည့်ပြောရမည်ကို ပင် ရှက်စရာ ကောင်းသူတစ်ယောက် ဖြစ်သည် ။ ဤကလေးသည် ငယ် ငယ်ကလေးတည်းကပင် ပညာရေးတွင် ထက်မြက်ထူးချွန် ကြောင်း ပြ သလျက်ရှိသည် ။

အသေးစိတ် အချက်အလက်တွေကိုမူ ကျွန်ုပ် မသိပါ။ သို့သော် သူသ ည် တစ်ကြောင်း မဟုတ် တစ်ကြောင်းဖြင့် အသက်ဆယ့်သုံးနှစ် အရွယ် တွင် ပိုလီနော့ မိသားစုမှ ထွက်ခွာပြီး မော်စကိုမြို့ရှိ အထက်တန်းကျောင်း တစ်ကျောင်းသို့ သွားရောက် ပညာသင် ကြားသည် ။ ထင်ရှားကျော်ကြားသော ကျောင်းဆရာ တစ်ဦး၏ နေအိမ် တွင် နေထိုင်သည် ။ ထိုကျောင်း ဆရာမှာ ပိုလီနော့၏ ငယ်သူငယ်ချင်း တစ်ဦးပင် ဖြစ်သည် ။

နောက်ပိုင်းတွင် အိုက်ဗင်ကိုယ်တိုင် ပြန်ပြောသည် မှာ ဤကိစ္စရပ် များ သည် ပိုလီ နော့၏ ကောင်းသောစီမံမှုများ ပင် ဖြစ်တော့သည် ။ ဤ မျှ ပညာဉာဏ် ထက်မြက်သော ကလေး တစ်ယောက်သည် ပညာဉာဏ် ထက်မြက် ထူးချွန်သော ဆရာတစ်ယောက်ထံတွင် ချဉ်းကပ် သင်ကြား

ရမည်ဟု ၎င်းက ယူဆသောကြောင့် ဖြစ်သည် ။ သို့တစေလည်း ဤကလေး ငယ် အထက်တန်းကျောင်းမှ စာမေးပွဲအောင်ပြီး တက္ကသိုလ်သို့ ရောက်ရှိသွားသောအချိန် တွင် မူ ပိုလီနော့ရော ထူးချွန်သော ဆရာရော သည် လောကတွင် မရှိကြတော့ချေ။

ပိုလီနော့သည် ကလေးနှစ်ယောက်အတွက် လိုအပ်သော စီစဉ်မှုများကို ပြုလုပ်မထား ခဲ့သဖြင့် ရုရှားနိုင်ငံ၏ မလွှဲမရှောင်သာသော ကြိုးနီစနစ်နှင့် နှောင့်နှေးကြန့်ကြာမှုတို့ ကြောင့် ကလေးနှစ်ယောက်သည် မုဆိုးမကြီး ထားခဲ့သော အမွေများကို ရုတ်တရက် ထုတ်ယူ၍ မရနိုင်ဘဲ ရှိနေကြသည် ။ သူတို့ ၏ အမွေသည် ယခုအခါတွင် ရူဗယ် နှစ်ထောင်စီ ဖြစ်နေ လေပြီ။ သို့ဖြင့် အိုက်ဗင်အဖို့ တက္ကသိုလ်သို့ ရောက်ရှိသော ပထမနှစ်နှစ်သည် အထူးပင် ကျပ်တည်းခြင်း ရှိရတော့သည် ။ သူသည် တစ်ဖက်က ပညာသင်ကြားရင်း တစ်ဖက်က ရပ်တည်မှုအတွက် ဝမ်းစာကို ရှာနေရတော့သည် ။

သည် ကာလအတွင်းတွင် သူသည် ဖခင်ဖြစ်သူထံ စာရေးပြီး အကူအညီတောင်းရန် တစ်ကြိမ်တစ်ခါမျှ ကြိုးပမ်းခြင်းမပြုပါ။ မာနကြောင့်လည်း ဖြစ်နိုင်သည် ။ ဖခင်ဖြစ်သူကို မနှစ်မြို့သောကြောင့် လည်း ဖြစ်နိုင်ပါသည် ။ ဖခင်ထံမှ တစ်စုံတစ်ရာ အကူအညီ ရနိုင်စရာ အကြောင်းမရှိဟု ယုံကြည်ယူဆထားသောကြောင့် လည်း ဖြစ်နိုင်ပါသည် ။

ဤကဲ့သို့သော အခြေအနေများ ရှိသော်လည်း အိုက်ဗင်သည် စိတ်ပျက်အားလျော့ ခြင်း အလျဉ်းမရှိပါ။ အလုပ်တစ်ခုမဟုတ် တစ်ခုကို ဖြစ်သည့် နည်းနှင့် လုပ်ဆောင်ပါသည် ။ ပထမတွင် တစ်နာရီလျှင် ခြောက်ပဲနိနှုန်းနှင့် ကျူရှင်ပြသည် ။ ထို့နောက်တွင် ကား လမ်းပေါ်တွင် တွေ့ရကြုံရသော အဖြစ်အပျက်များကို ‘မျက်မြင်သမား’ ကလောင်အမည်ဖြင့်

ဝတ္ထုဇာတ်လမ်းများ ရေးသားပြီး သတင်းစာတိုက် အသီးသီးသို့ ပေးပို့ ရောင်းချသည် ။

'သည် ဇာတ်လမ်း' များ သည် စိတ်ဝင်စားဖွယ်ရာဖြစ်အောင် ထိထိမိမိ ရေးသားထား သည် ဖြစ်သဖြင့် မကြာမီမှာ ပင် အများက အထူးပင် တောင်းဆိုခြင်း ပြုလာကြတော့သည် ။

အိုက်ဗင်သည် ဤအချက်တစ်ခုတည်းဖြင့်ပင် အခြားသော ကိုယ့်ဝမ်းစာ ကိုယ်ရှာနေရသော ကျောင်းသားလူငယ်များ ထက် သာလွန်ကြောင်းကို ပြဆိုနိုင်လေသည် ။ မြို့တော်ကြီးများ တွင် ကျောင်းသားလူငယ် အများ စုသည် ဘာတစ်ခုမျှ ထူးချွန်အောင် မကြိုးစားနိုင်ဘဲ ပြင်သစ်လို ရေးထားသော ဝတ္ထုကလေးများကို ဘာသာပြန်လိုက်၊ ကူးချလိုက်နှင့် ဖြစ်သဖြင့် စာနယ်ဇင်း တိုက်များ တစ်တိုက်ပြီး တစ်တိုက် ပြောင်းလဲနေကြရသည် ။

အိုက်ဗင်သည် အယ်ဒီတာ အဖွဲ့ဝင်များ နှင့် တစ်ကြိမ် အဆက်အသွယ် ရရှိပြီးသည့် နောက်တွင် သူတို့ နှင့် လုံးဝ အဆက်အသွယ် မပြတ်စေတော့ပါ။ တက္ကသိုလ် နောက်ဆုံးနှစ် များ သို့ ရောက်ရှိသောအချိန်တွင်ကား သူသည် ထက်မြက်သော စာအုပ်ဝေဖန်ချက်များကို ရေးသားသဖြင့် စာပေအသိုင်းအဝိုင်းမှာ ပင် ထင်ရှားကျော်ကြားလာရတော့သည် ။ သို့တစေ လည်း သူသည် စာဖတ်ပရိသတ်များ ၏ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခြင်းကို ခံရ သည် မှာ မကြာခင်လေးကမှ ဖြစ်သည် ။ ဤအဖြစ်အပျက်သည် အထူးပင် စိတ်ဝင်စားဖွယ်ရာ ကောင်းသော အကြောင်းအချက်တစ်ခု ဖြစ်သည် ။

တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် အမွေရရှိသော ရူဗယ်ငွေ နှစ်ထောင်ဖြင့် နိုင်ငံခြား သို့ သွားရောက်ရန် စီစဉ်နေခိုက်တွင် အိုက်ဗင်သည် ထိပ်

တန်း သတင်းစာကြီး တစ်စောင် တွင် ထူးဆန်းသော ဆောင်းပါးတစ်စောင်ကို ရေးသားလိုက်သည် ။ ထိုဆောင်းပါးကို ပညာ တတ်များ သာမက သာမန်ပရိသတ်များကပင် အသိအမှတ်ပြု ဖတ်ရှုကြသည် ။ သည့်ထက် ပို၍ ထူးဆန်းသည် ကတော့ ထိုဆောင်းပါးသည် သူတတ်ကျွမ်းသော ဘာသာရပ်အကြောင်း ရေးသားထားသော ဆောင်းပါးတစ်ပုဒ် မဟုတ်ပါချေ။ သူသည် တက္ကသိုလ်မှ သဘာဝသိပ္ပံ ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ခြင်း ဖြစ်သည် ။

သူရေးသည့် ဆောင်းပါးက ဘာသာရေးခုံရုံးများ အကြောင်း ဖြစ်သည် ။ ထိုအချိန်က အထူးပင် လူပြောများ နေသော အကြောင်းရပ်တစ်ခု ဖြစ်သည် ။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အခြားသူများ ၏ အယူအဆများကို ဆွေးနွေးတင်ပြပြီးနောက် သူ၏ ကိုယ်ပိုင် အယူအဆများကို ဆက်လက်တင်ပြသည် ။ ဤဆောင်းပါး၏ ထူးခြားချက်ကတော့ ယင်း၏ တင်ပြပုံနှင့် အထူးတလည် အံ့သြဖွယ်ရှိသော အဆုံးသတ်နိဂုံးချုပ်ပင် ဖြစ်သည် ။ ဤဆောင်းပါး သည် သူတို့ ဘက်က ရပ်တည် ရေးသားခြင်း ဖြစ်သည် ဟု ဘာသာရေးသမား အမြောက်အမြား က လက်ခံ ယုံကြည်ကြသည် ။ သို့ရာတွင် ပိုပြီးထူးဆန်းသည် ကတော့ ဘာသာရေးသမား မဟုတ်သူ အမြောက်အမြား ကလည်း ဤဆောင်းပါးသည် သူတို့ ဘက်က ရေးသည် ဟု ယူဆနေကြခြင်းပင် ဖြစ်သည် ။ ဆောင်းပါးရေးသူ၏ အမြင်နှင့် သူတို့ အမြင် တူညီသည် ဟု ဆိုကြသည် ။ နောက်ဆုံးတွင် မူ လူအချို့က ဤဆောင်းပါးသည် ဘာမျှမဟုတ်ဘဲ ဟာသ တစ်ခုသာ ဖြစ်ကြောင်း ပြောဆိုကြသည် ။

ဤဆောင်းပါးအကြောင်း ကျွန်ုပ် အထူးတလည် ပြောပြနေရခြင်းမှာ အခြားကြောင့် မဟုတ်ပါ။ ဤဆောင်းပါးသည် ကျွန်ုပ်တို့ ၏ နာမည်ကျော် ဘုန်းတော်ကြီးကျောင်းတိုက်သို့ ဂယက်ရိုက်ခတ်လာသောကြော

င့် ပင် ဖြစ်ပါသည် ။ ထိုအချိန်က ကျွန်ုပ်တို့ ၏ ကျောင်းတိုက် တွင် လည်း ဘာသာရေးရာခုံရုံး ကိစ္စသည် ရေပန်းစားလျက် ရှိတော့သည် ။ ဆောင်းပါးရှင် ၏ အမည်ကို သိရှိရသောအခါ ဘုန်းတော်ကြီးများ သည် အထူးပင် စိတ်ဝင်စားကြရပြန် တော့သည် ။ အကြောင်းမှာ ဆောင်းပါး ရှင်သည် ကျွန်ုပ်တို့ မြို့သားတစ်ဦးဖြစ်ပြီး 'ကာရာ မာဇော့' ၏ သားတစ် ယောက် ဖြစ်နေသောကြောင့် ပင်တည်း။ သည် အချိန်မှာ ပင် ဆောင်းပါးရှင်သည် ကျွန်ုပ်တို့ မြို့သို့ ရုတ်ခြည်းဆိုသလို ရောက်ရှိလာ ပါတော့သည် ။

အိုက်ဗင်ကာရာမာဇော့သည် ထိုအချိန်က အဘယ်အကြောင်းကိစ္စဖြ င့် ကျွန်ုပ်တို့ မြို့သို့ ရောက်ရှိလာရသည် ကို ကျွန်ုပ် စဉ်းစား၍ မရနိုင်ပါ။ နောက်ပိုင်းတွင် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဖြစ်ပေါ်စေ သော သူ၏ လာရောက်မှုသည် ကျွန်ုပ်အဖို့ ထိုအချိန် ကတည်းကပင် ပ ဟေဠိတစ်ခု ဖြစ်ခဲ့ရသည် ။ ယခုအချိန်အထိလည်း မဖြေရှင်းနိုင်သော ပ ဟေဠိတစ်ခုပင် ဖြစ်သည် ။ သည် မျှအထိ ဘဏ်ပညာကြွယ်ဝပြီး၊ သည် မျှ မာန်မာနကြီးမား သော လူရွယ်တစ်ယောက်အနေနှင့် ဤမျှ နာမည်ပျ က်နေသော အိမ်ကြီးတစ်အိမ်သို့ ရုတ်တရက် ရောက်ရှိလာခြင်းမှာ အံ့ချီး ဖွယ်ရာတစ်ခုပင် ဖြစ်တော့သည် ။ သည် အိမ်မှာ ရှိနေသော သူ၏ ဖခင် ကလည်း သူ့ကို တစ်သက်လုံး မေ့ပစ်ထားသူ တစ်ဦးဖြစ်သည် ။ သူ့ကို အမှတ် ရခြင်း၊ အသိအမှတ်ပြုခြင်း လုံးဝမရှိသူ တစ်ဦးဖြစ်သည် ။ တက ယ်လို့ သူက ငွေကြေး တစ်စုံတစ်ရာ တောင်းခံခဲ့လျှင်လည်း မည်သည့် န ည်းနှင့် မျှ ပေးမည့် သူမဟုတ်ပါ။ ဖခင် ဖြစ်သူသည် သူ၏ သားများ ဖြစ် ကြသော အိုက်ဗင်နှင့် အလက်ဇီတို့ က တစ်နေ့တွင် အမွေ တောင်းလာ မည်ကို အစဉ်အမြဲ စိုးရွံ့နေသူ ဖြစ်သည် ။

သို့သော် ယခုအခါတွင် အိုက်ဗင်သည် ဤလို ဖခင်တစ်ဦး၏ နေအိမ်

တွင် နေထိုင် လျက်ရှိသည် ။ တစ်လပြီး နောက်တစ်လပင် ဖြစ်တော့သည် ။ နောက်ပြီးတော့ ဖအေနှင့် သားတို့ သည် အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် အကြောင်းအပေါင်းသင့်လျက် ရှိကြတော့သည် ။ ဤအချက်က ကျွန်ုပ်ကိုသာမက လူအားလုံးကိုပင် အံ့အားသင့်စေရပါ သည် ။

သည် အထဲတွင် ပီတာမီယူဆော့လည်း ပါဝင်သည် ။ သူ့အကြောင်းကို စောစောပိုင်း က ကျွန်ုပ် ပြောခဲ့ပြီးပြီဖြစ်သည် ။ သူသည် ဖိုဒါကာရာမာဇော့၏ ပထမဇနီးနှင့် ဆွေနီးမျိုးစပ် ဖြစ်သည် ။ သူသည် ပါရီမြို့တွင် အခြေစိုက် နေထိုင်နေရာမှ ထိုအချိန်က ကျွန်ုပ်တို့ မြို့အနီးရှိ သူ၏နေအိမ်တွင် အခိုက်အတန့်မျှ ပြန်လည်ရောက်ရှိနေခိုက် ဖြစ်သည် ။ သူသည် အိုက်ဗင်နှင့် တွေ့ဆုံသိကျွမ်း ရသောအခါ အိုက်ဗင်ကို အထူးပင်သဘောကျနှစ်ခြိုက် ခြင်းရှိကြောင်း ကျွန်ုပ် မှတ်သားမိသည် ။ အိုက်ဗင်ကလည်း အပြန်အလှန်အနေနှင့် သူ့ကို အထူးပင် သဘောကျနှစ်ခြိုက်ခြင်းရှိသည် ။ အိုက်ဗင်သည် ရံဖန်ရံခါ ဆိုသလိုပင် ပီတာ မီယူဆော့နှင့်သဘောတရားရေးရာ များကို အကြိတ်အနယ် ဆွေးနွေးကြသည် ။

'ကောင်ကလေးမှာ မာနရှိတယ်၊ သူ့ဘဝကို သူ ဆောက်တည်နိုင်တယ်၊ သူ့မှာ အခုလိုပဲ ဝင်ငွေတွေရှိနေပြီး နိုင်ငံခြားကို သူ့ဘာသာသူသွားနိုင်တယ်၊ အဲဒါနဲ့ များ ဒီကို သူ ဘာကိစ္စနဲ့ ရောက်လာရသလဲ၊ သူ့အဖေဆီကို ပိုက်ဆံတောင်းရအောင် လာတာ မဟုတ်ဘူး ဆိုတာတော့ လူတိုင်းသိတယ်၊ ဘာဖြစ်လို့ တုံးဆိုတော့ သူ့အဖေကလည်း သူ့ကိုတစ်ပြားတစ်ချပ်မှ ပေးမှာ မဟုတ်လို့ ဘဲ၊ နောက်ပြီးတော့ ဒီကောင်ကလေးဟာ အသောက်အစားလည်း ဝါသနာမရှိဘူး၊ အပျော်အပါးလည်းမမက်မောဘူး၊ ဒါပေမဲ့ အဖေနဲ့ သားဟာ အတည့်ကြီးကို တည့်နေကြတယ်။ ဒါ အမှန်ပဲ၊ ကောင်ကလေးက သူ့အဖေအပေါ်မှာ လွှမ်းမိုးမှုရှိတယ်

ဆိုတာ အထင်အရှားပဲ၊ အဘိုးကြီးဟာ သူ့သားပြောတာကို အတော်များများ နားထောင်တယ်။ တစ်ခါတစ်ခါမှာ ဆိုရင် အဘိုးကြီးဟာ အများကြီးကို သိမ်မွေ့ယဉ်ကျေး နေတတ်တယ် ...'

ပီတာမီယူဆော့သည် ထိုအချိန်က ကျွန်ုပ်တို့ ကို ဤသို့ပင် ပြောပြတတ်သည် ။ နောင် သောအခါတွင် မှ သာ အိုက်ဗင် ရောက်ရှိလာရခြင်း၏ အကြောင်းရင်း တစ်ခုကို ကျွန်ုပ်တို့ သိရှိကြရတော့သည် ။ သူ၏ အစ်ကိုဖြစ်သော မစ်တယာက သူနှင့် သူ့ဖခင်ကြားတွင် ဝင်ရောက် စေ့စပ်ပေးပါရန် မေတ္တာရပ်ခံသောကြောင့် ဖြစ်သည် ။ အမှန်တော့ အိုက်ဗင်သည် အစ်ကိုဖြစ်သူ မစ်တယာကို ယခုအကြိမ် ကျွန်ုပ်တို့ မြို့သို့ ရောက်ရှိမှ ပင် ပထမဆုံး လူချင်း တွေ့ရှိဖူးခြင်း ဖြစ်သည် ။ သို့သော် မော်စကိုမြို့မှ နေ၍ ကျွန်ုပ်တို့ မြို့သို့ သူရောက်ရှိမလာမီ တွင် သူတို့ ချင်း စာအဆက်အသွယ် ရှိကြသည် ။ မစ်တယာနှင့် ပတ်သက်သော အရေးကြီး ကိစ္စတစ်ခုကြောင့် ပင် ဖြစ်သည် ။ စာဖတ်သူများ သည် ထိုကိစ္စကို သင့်လျော်သော တစ်ချိန်တွင် သိရှိကြရမည် ဖြစ်သည် ။

သို့သော် ကျွန်ုပ်သည် ထိုကိစ္စကို သိရှိရသည့် တိုင်အောင်ပင် အိုက်ဗင်ကို နားမလည် နိုင်ရှိရသည် ။ ကျွန်ုပ်တို့ မြို့သို့ သူရောက်ရှိသော အကြောင်းသည် ပဟေဠိတစ်ပုဒ်ပင် ဖြစ် နေရတော့သည် ။

ဤနေရာတွင် ကျွန်ုပ်အနေနှင့် ဖြည့်စွက်ပြောဆိုရမည်ဆိုလျှင် အိုက်ဗင်သည် ထို အချိန်က သူ၏ ဖခင်နှင့် သူ၏ အစ်ကိုကြားတွင် စေ့စပ်ဖျန်ဖြေလျက်ရှိသည် ။ သူ၏ အစ်ကိုသည် ဖခင်ဖြစ်သူနှင့် အကျယ်အကျယ် မငြိမ်းဖွယ်ရှိနေပြီး ဥပဒေအရ တရားစွဲဆိုရန်ပင် ပြင်ဆင်လျက်ရှိသည် ။

ထပ်၍ ပြောရမည်ဆိုလျှင် ထိုမိသားစုသည် ထိုအချိန်ထိုကာလတွင်

မှ ပထမဆုံး အကြိမ် စုစည်းတွေ့ဆုံမိကြခြင်း ဖြစ်၏။ အချို့ဆိုလျှင် တစ်ယောက်ကိုတစ်ယောက် ပထမ ဆုံးအကြိမ် တွေ့မြင်ဖူးကြခြင်း ဖြစ်သည် ။ သားအငယ်ဆုံး အလက်ဇီ တစ်ယောက်သာလျှင် ပြီးခဲ့သည့် နှစ်ကတည်းက ကျွန်ုပ်တို့ မြို့သို့ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည် ။ သို့ဖြင့် သူသည် အစ်ကိုနှစ်ယောက်ထက် အရင် သည် မြို့သို့ ရောက်ရှိနေသည် ဟု ဆိုရပေမည်။

ဤမည်သော အလက်ဇီကို ကျွန်ုပ်၏ ဝတ္ထုကြီးတွင် တင်ဆက်ဖော်ပြခြင်း မပြုမီ ဤမည်သော မိတ်ဆက် နိဒါန်းပိုင်းတွင် သူ့အကြောင်း ဖော်ပြရန် ကျွန်ုပ်မှာ အခက်ခဲဆုံး လုပ်ငန်းကြီး ဖြစ်နေရတော့သည် ။ သို့သော် ကျွန်ုပ်သည် သူနှင့် ပတ်သက်ပြီး ပဏာမ ပြောစရာရှိသည် များကိုတော့ မလွှဲမသွေ ပြောရမည်ဖြစ်သည် ။ အရေးအကြီးဆုံး အချက် တစ်ချက်ကိုတော့ အနည်းဆုံး ဖော်ပြရမည်ဖြစ်သည် ။ ယင်းကား အခြားမဟုတ်ပါ။ ကျွန်ုပ်၏ အနာဂတ်ဇာတ်လိုက်သည် သင်တိုင်းရှည်ကြီးနှင့် ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ် ကြောင်း ဝတ္ထု၏ ပထမဆုံးသော အခန်းမှာ ပင် ဖော်ပြရပေမည်။ အမှန်ပင်ဖြစ်သည် ။ သူသည် ကျွန်ုပ်တို့ ၏ ခရစ်ယာန်ကျောင်းတိုက်ကြီးတွင် ယမန်နှစ်ကတည်းကပင် ရောက်ရှိ နေခဲ့သည် ။ ထိုမျှမက သူ့ဘဝ တစ်သက်တာလုံးကိုလည်း ဤကျောင်းတိုက်ကြီးမှာ ပင် မြှုပ်နှံ ထားတော့မည့် အခြေအနေမှာ လည်း သိသာထင်ရှားလျက် ရှိတော့သည် ။

*****

၄။ တတိယသား အလျှို့ရှာ

ထိုအချိန်က သူသည် အသက် ၂၀ မျှသာ ရှိပေသေးသည် ။ (သူ၏ အစ်ကို အိုက်ဗင်က ၂၄ နှစ်ရှိပြီး အစ်ကိုအကြီးဆုံး ဒီမီထရီက ၂၈ နှစ် ဖြစ်

သည် ) ဤသူငယ်ကလေး အလှူ ရှာနှင့် ပတ်သက်ပြီး ပထမဆုံး ကျွန်ုပ်ပြောချင်သည့် အချက်တစ်ခုကတော့ သူသည် တစ်ယူသန် ကလေးတစ်ယောက် မဟုတ်ပါ။ နားလည်ရန် ခက်ခဲသော လူငယ်ကလေး တစ်ယောက် လည်း မဟုတ်ပါ။ ဤကိစ္စကို အစကတည်းက ရှင်းထားဖို့ လိုပါသည် ။ သူသည် လူသား များကို ချစ်ခင်တတ်သူတစ်ဦးသာ ဖြစ်ပါသည် ။ ဘာသာရေးဘက်သို့ သူ လိုက်ပါသွား ခြင်းသည် ဤလောက အဝိဇ္ဇာမှောင်အတွင်းမှ လွတ်မြောက်၍ မေတ္တာအလင်းရောင်ကို ရရှိလို၍ သာ ဖြစ်လိမ့်မည်။ နောက်ပြီး ခရစ်ယာန် သာသနာဝင် ဘဝကို သူ့အနေနှင့် ဤမျှ မက်မော နှစ်ခြိုက်သွားရခြင်း မှာ လည်း ကျွန်ုပ်တို့ ၏ ဘုန်းတော်ကြီးကျောင်းတိုက်မှ အကျော်ဇေယျ ဖြစ်သော ဘုန်းတော်ကြီး ဇော်ဇီမာနှင့် တွေ့ရှိ ဆည်းကပ်ရ၍ ဖြစ်ပါသည် ။ ဤဘုန်းတော်ကြီးသည် အင်မတန် ထူးခြားသော ပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်သည် ဟု သူ့စိတ်ထဲတွင် မှတ်ယူထားပေသည် ။

ကျွန်ုပ်သည် သူ့အကြောင်းကို ဤသို့ ပြောနေသဖြင့် သူသည် အင်မတန် ထူးဆန်း သော လူရွယ်ကလေး တစ်ယောက် ဖြစ်သည် ဆိုသော အချက်ကို မငြင်းပါ။ သူသည် မွေးကင်းစအရွယ် ပုခက်တွင်း ကတည်းကပင် ထူးဆန်းသော ကလေးငယ်ကလေး ဖြစ်ပါသည် ။ သူ၏ မိခင် ကွယ်လွန်ချိန်တွင် သူသည် လေးနှစ်သားအရွယ်မျှသာ ရှိသော်လည်း သူသည် မိခင်ဖြစ်သူကို ဘဝ တစ်သက်တာလုံး ကောင်းစွာ မှတ်မိလျက်ရှိကြောင်း စောစောပိုင်းက အကြောင်း အားလျော်စွာ ကျွန်ုပ် ဖော်ပြခဲ့ပြီးပြီ ဖြစ်သည် ။ မိခင်ဖြစ်သူ၏ မျက်နှာ၊ မိခင်၏ ပိုက်ထွေးမှုတို့ ကို ကောင်းစွာ မှတ်မိနေပါသည် ။

'မေမေဟာ ကျွန်တော့်ရှေ့မှာ အသက်ထင်ရှား ရပ်နေတဲ့ အတိုင်းပါပဲ ခင်ဗျာ ...'

သို့သော် အားလုံးသိကြသည့် အတိုင်းပင် ဤလို ကလေးဘဝအရွယ်က မှတ်မိခြင်း များ သည် အမှောင်ထုထဲတွင် လျှပ်ပြက်သည့် အခါ တွေ့မြင်လိုက်ရသည် မျိုးသာ ဖြစ်သည် ။ ဧရာမ ပုံကားကြီးတစ်ချပ်၏ သေးငယ်သော ထောင့်စွန်းကလေး တစ်ခုမျှလောက်သာ ဖြစ်သည် ။ အလှျိုရှာ၏ အဖြစ်မှာ လည်း ဤအတိုင်းသာ ဖြစ်သည် ။ သူ့ဘဝတွင် သူမှတ်မိနေသည် က တစ်ခုသော ညနေခင်း။ တိတ်ဆိတ်ငြိမ်သက်သော နွေရာသီ ညနေခင်းတွင် ပြတင်းပေါက်တံခါးကို ဖွင့်ထားသည် ။ ပြတင်းပေါက်မှ နေ၍ နေရောင်ခြည် စွေစောင်း၍ ကျနေ သည် ။ (သူ၏ စိတ်အာရုံတွင် အထူးတလည် မှတ်မိနေသည် ကတော့ စွေစောင်းသော နေရောင်ခြည်တန်းများ ပင် ဖြစ်သည် )။ အခန်းထောင့်တွင် ပုံတော်ကားတစ်ခု ရှိသည် ။ ပုံတော်ကားရှေ့တွင် မှန်အိမ်လင်းနေသည် ။ သူ၏ မိခင်သည် ပုံတော်ကားရှေ့တွင် ဒူးထောက်လျက်ရှိသည် ။ ရှိုက်ငင်လျက်ရှိသည် ။ ငိုကြွေး မြည်တမ်းလျက် ရှိသည် ။ သူမသည် သူ့ကို လက်နှစ်ဖက်ဖြင့် ပွေ့ယူလိုက်ပြီး သူမ၏ ရင်သားစုံတွင် တင်းကျပ်စွာ ဖိကပ်ထားလိုက် သည် ။ ထို့နောက် မယ်တော် မာရီထံတွင် သူ့အတွက် ဆုတောင်းပတ္ထနာ ပြုလုပ်သည် ။ ပြီးလျှင် သူ့ကို လက်နှစ်ဖက်ဖြင့် မြှောက်ပြီး မယ်တော် မာရီထံတွင် အပ်နှံဟန်ပြုသည် ။ ထိုအချိန်တွင် ကလေးထိန်းတစ်ယောက် ပြေး လာပြီး ထိတ်လန့်တုန်လှုပ်စွာဖြင့် သူ့ကို မိခင် ထံမှ ဆွဲယူလိုက်သည် ။

ဤကား ဖြစ်ပျက်သမျှ အလုံးစုံတည်း။ အလှျိုရှာသည် ထို ခေတ္တခဏ အတွင်းမှာ ပင် မိခင်၏ မျက်နှာကို မှတ်မိလိုက်သည် ။ မိခင်၏ မျက်နှာသည် ပရိဒေဝမီး တောက်လောင်လျက်ရှိသည် ။ လှပသည် ကား အမှန်ပင်ဟု အလှျိုရှာက အမြဲတမ်း ပြောလေ့ရှိပါသည် ။

သို့သော် သူသည် ဤအကြောင်းကို လူအများကို ပြောဆိုခြင်း မပြုပါ

ချေ။ သူသည် ငယ်ငယ်လေး ကတည်းကစပြီး အရွယ်ရောက်လာသည့် အချိန်အထိ အများ တကာနှင့် စကား များများ ပြောဆိုခြင်း မရှိချေ။ ဤသို့ ဖြစ်ရသည် မှာ လူတွေကို မယုံ၍ လည်း မဟုတ်ပါ။ ရှက်ကြောက်တတ်၍ လည်း မဟုတ်ပါ။ လူတွေနှင့် အရောမဝင်လို၍ လည်း မဟုတ်ပါ။ ဤ အချက်များ နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်တော့သည် ။ အမှန်ကတော့ သူ၏ အတွင်းစိတ်ပင် ဖြစ်သည် ။ သူ၏ အတွင်းစိတ်က သူ့ကိုယ်သူသာ ပဓာနပြုထားသည် ။ အခြားသူများကို ဂရုမပြုဘဲရှိသည် ။ သူ့ကိုယ်သူ အဓိကထားသဖြင့် အခြားအရာများကို မေ့လျော့နေရခြင်း ဖြစ်သည် ။

သို့သော် လူတွေကို သူ ချစ်သည် ။ သူ၏ ဘဝတစ်လျှောက်လုံးတွင် လူတွေကို လုံးဝဥဿုံ ယုံကြည်သည် ။ လူတွေကလည်း သူ့ကို လူထိုင်းလူအ တစ်ယောက်အဖြစ် မမှတ်ယူကြပါ။ သူက လူတွေကို ဝေဖန်ပိုင်းခြား မပြုလိုပါ။ အထူးသဖြင့် လူတွေကို ပြစ်တင် ဝေဖန်လိုခြင်းမရှိပါ။ သူက အစစအရာရာတွင် သည်းခံတတ်သည် ။ ဘယ်သူတွေ ဘာပဲလုပ်လုပ် သူ မအံ့သြတတ်ပါ။ မကြောက်လန့်တတ်ပါ။ ငယ်ငယ်လေး ကတည်းကဖြစ်သည် ။

သူ့အသက် နှစ်ဆယ်အရွယ်သို့ ရောက်ရှိ၍ ဒုစရိုက်မှုတွေ ပြွမ်းတီးနေသော သူ့ဖခင် အိမ်သို့ ရောက်ရှိသောအခါတွင် လည်း မျက်စိအောက်တွင် မကိုးမကား တွေ့မြင်နေရသည် များကို တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုချေ။ မည်သူ့ကိုမျှ မနှစ်မြို့ဟန် မပြ၊ မည်သူ့ကိုမျှ ပြစ်တင်ရှုတ်ချခြင်း မပြုချေ။

အခြား တစ်ဖက်တွင် ကား သူ၏ ဖခင်သည် လူ့ကပ်ပါး တစ်ဦးဖြစ်ပြီး အခြားသူ များ အပေါ် အမြဲတမ်းလိုလို မယုံသင်္ကာရှိတတ်သည့် အလျောက် အစပထမပိုင်းတွင် သူ့ အပေါ်၌ လည်း မယုံသင်္ကာ ရှိလေသ

ည် ။ (သင်းကလေးဟာ နှုတ်ဆိတ်လွန်းအားကြီးတယ်၊ သိပ်ပြီးတော့ တွေးလွန်းတယ်)။ သို့သော် ရက်သတ္တ နှစ်ပတ်ခန့်ကြာသောအခါတွင် ကား ဖခင်သည် သားငယ်ကို တနမ်းနမ်းတရှုပ်ရှုပ် ရှိတော့သည် ။ အရက်မူးမူး မျက်ရည်စမ်းစမ်းဖြင့် ဖြစ်တော့သည် ။ အမှန်တကယ်ပင် တည်း။ ကာရာမာဇော့သည် သားအငယ်ကို နှစ်နှစ်ကာကာ လှိုက်လှိုက်လှဲလှဲပင် ချစ်ခင်လျက်ရှိတော့သည် ။ သူ့လိုလူမျိုး တစ်ယော က်က သည် လိုမျိုး ချစ်သည် မှာ မယုံနိုင်စရာပင် ဖြစ်သည် ။

အမှန်တော့မူ ဤလူရွယ်ကလေးကို သူရောက်လေရာ အရပ်တွင် လူတိုင်းကပင် ချစ်ခင်ကြပါသည် ။ ကလေးဘဝအရွယ် ကတည်းကပင် ဖြစ်သည် ။ သူ့ကို ကျွေးမွေးစောင့်ရှောက် သူနှင့် အုပ်ထိန်းသူ ယီဖင်ပိုလီနော့ အိမ်သို့ ရောက်ရှိသောအခါ အိမ်သူအိမ်သား အားလုံးကပင် သူ့ကို အိမ်သားစုတစ်ဦးပမာ ရင်းနှီးဆက်ဆံကြသည် ။ ထိုအိမ်သို့ ရောက်သည့် အချိန်က အရွယ်ငယ်လှသေး သဖြင့် တစ်ပါးသူတို့ ချစ်ခင်နှစ်သက်အောင် အလိုလိုက် အကြိုက် ဆောင်နိုင်စွမ်း သူ့မှာ မရှိပါချေ။ သို့ဖြစ်သောကြောင့် သူ့ကို လူတွေက ချစ်ခင်ကြခြင်းမှာ သူ၏ ပင်ကိုသဘာဝ အရည်အချင်း တစ်ရပ်ပင် ဖြစ်တော့သည် ။ လုပ်ကြံဖန်တီးခြင်း မရှိဘဲ သူ့အလိုအလျောက် ဖြစ်နေခြင်းသာတည်း။

ကျောင်းသို့ ရောက်ရှိသောအခါတွင် လည်း ဤအတိုင်းပင်တည်း။ သို့တစေလည်း သူ့လို ကျောင်းသားမျိုးသည် အခြားကျောင်းသားများ ၏ မနှစ်မြို့ခြင်း၊ ရယ်မောခြင်းနှင့် မုန်းတီးခြင်း တို့ ကို ခံစားရသော ကျောင်းသားမျိုး တစ်ယောက်ဖြစ်သည် ။ ပုံစံအားဖြင့် သူသည် တစ်ယောက်တည်း ငေးမော တွေဝေနေတတ်သည် ။ အခြားသူများ နှင့် ရောနှောခြင်းမပြုဘဲ အထီးကျန် ရှိတတ်သည် ။ သူသည် ကလေးဘဝ ကတည်းကပင် ချောင်တစ်ချောင်မှာ တစ်ယောက်တည်း သွားပြီးနေတ

တ်သည် ။ သို့တစေလည်း ကျောင်းသားများ အားလုံးက သူ့ကို ချစ်ခင် နှစ်သက်ကြသည် ။

သူသည် ကျောင်းတွင် ကစားသည် ဟူ၍ မရှိသလောက်ပင် ဖြစ်သည် ။ ပျော်ပျော် ရွှင်ရွှင် နေသည် ကိုလည်း မမြင်ရသလောက်ပင် ဖြစ်သည် ။ သို့သော် သူ့ကို တစ်ကြိမ်ကြည့် ရုံမျှဖြင့်ပင် သူသည် မှုန်ကုပ်ကုပ် လူငယ်ကလေး တစ်ယောက် မဟုတ်ကြောင်း သိသာထင်ရှားသည် ။ အမှန်တော့ သူသည် မှုန်တေတေ မှုန်ကုပ်ကုပ် မဟုတ်ရုံမျှမက မျက်နှာထား ကြည်လင်ပြီး စိတ်သဘောထား ကောင်းမွန်သူ တစ်ယောက် ဖြစ်သည် ။

သူသည် ရွယ်တူတန်းတူများ အပေါ်တွင် မည်သည့် အခါမှ ဟိတ်ဟန်ထုတ်ခြင်း မပြုလုပ်တတ်။ အကြောင်းမှာ သူသည် မည်သူ့ကိုမျှ မကြောက်၍ လည်း ဖြစ်တန်ရာသည် ။ သို့သော် သူ မကြောက်တတ်ဘူး ဆိုသည့် အပေါ်တွင် လည်း အခွင့်အရေးယူခြင်း လုံးဝမရှိချေ။ သူ မကြောက်တတ်ဘူး၊ သူ သတ္တိ ရှိသည် ဆိုသည့် အချက်ကို မည်သူမျှ မသိစေရပါ။

သူသည် မည်သူ့ကိုမျှ အမှတ်အတေး မပြုတတ်ပါ။ သူ့ကို ရန်စသော ကောင်ကလေး တစ်ယောက်ကို နောက်တစ်နာရီလောက်အကြာတွင် စောစောက ဘာမျှ မဖြစ်ခဲ့သည့် အတိုင်း ပင် သူ ပြောဆိုဆက်ဆံတတ်သည် ။ ယင်းသို့ဖြစ်ရသည် မှာ စောစောက အဖြစ်အပျက်ကို သူ မေ့သွား၍ လည်း မဟုတ်ပါ။ တစ်ဖက်သူ၏ စော်ကားမှုကို ခွင့်လွှတ်၍ လည်း မဟုတ်ပါ။ အမှန်တကယ်တွင် မူ သူသည် စောစောက အဖြစ်အပျက်ကို စော်ကားမှုတစ်ခုဟု မယူခဲ့သောကြောင့် ပင် ဖြစ်သည် ။ ယင်းကြောင့် လည်း ကလေးတွေက သူ့ကို သဘောကျ နှစ်သက်ကြ

ခြင်း ဖြစ်သည် ။

သူ၏ ပင်ကိုစရိုက်ကြောင့် ကျောင်းနေဘက် သူငယ်ချင်းများ ၏ စိတ်တွင် တစ်ခုပဲ ဖြစ်ပေါ်ကြသည် ။ ယင်းမှာ သူ့ကို နောက်ပြောင်ကျီစယ်လိုကြခြင်း ဖြစ်သည် ။ ယင်းသို့ နောက်ပြောင် ကျီစယ်ကြခြင်းမှာလည်း သူ့ကို မလိုမုန်းထား၍ မဟုတ်ကြပါ။ ပျော်၍ သာ ဖြစ်ကြပါသည် ။ သူက ရိုးလွန်း ဖြောင့်လွန်းသဖြင့် သူ့ကို စ ရသည် မှာ ပျော်စရာကောင်း လှသည် ။

မိန်းမတွေ အကြောင်းနှင့် အချို့သော စကားလုံးများကို သူ နားမထောင်တတ်ပါ။ သည် လို 'အကြောင်းများ '၊ သည် လို 'စကားလုံးများ ' ကိုလည်း ကျောင်းတွေမှာ မပြောအောင် မပိတ်ပင်နိုင်ကြပါ။ ကျောင်းသားများ သည် ဤအကြောင်းများ ၊ ဤစကားများ ၊ ဤအတွေး များကို တိုးတိုးသော် လည်းကောင်း၊ ကျယ်ကျယ်သော် လည်းကောင်း ပြောဆိုတတ်ကြပါ သည် ။ အထက်လွှာက ပညာတတ်ကလေးများ သည် ဤကိစ္စများကို စစ်သားတွေထက်ပင် ပြောတတ်ဆိုတတ်ကြပါသည် ။

သည် အကြောင်းများကို သူတို့ ပြောဆိုသည့် အခါတိုင်းတွင် ပင်အလျှိုရှာသည် သူ၏ နားနှစ်ဖက်ကို လက်ညှိုးများ ဖြင့် ပိတ်ထားတတ်သည် ။ ယင်းကို တွေ့ရသောအခါ ကျောင်း သားကလေးများ သည် တမင်တကာပင် သူ့ကို ဝိုင်းအုံပြီး နားကို ပိတ်ထားသော သူ့လက် နှစ်ဖက်ကို အတင်း ဆွဲဖယ်ပစ်တတ်ကြသည် ။ ထို့နောက် သူ၏ နားနှစ်ဖက် အတွင်းသို့ ညစ်ညမ်းသော စကားလုံးများ ဟစ်အော်ပြီး ပြောကြသည် ။ ထိုအခါ သူသည် သူတို့ ၏ ရန်မှ လွတ်အောင် ရန်းဖယ်သည့် အနေဖြင့် ကြမ်းပြင်ပေါ်တွင် လှဲချကာ သူ့မျက်နှာကို ဝှက်ထားတော့သည် ။ သူတို့ ၏ နောက်ပြောင်မှုကို ရန်ဖြစ်ခြင်း မရှိဘဲ၊ ဘာတစ်ခွန်းမျှ မပြောဘဲ

တိတ်ဆိတ်စွာ ခံနေတတ်သည် ။ နောက်ဆုံးတွင် ကား သူတို့ လက်လျှော့သွားကြသည် ။ သူ့ကို နောက်ပြောင်ခြင်း မပြုကြတော့ချေ။ သူ့အတွက် သူတို့ မှာ တကယ်ပင် စိတ်မကောင်း ဖြစ်ကြရတော့သည် ။

အကြောင်းအားလျော်စွာပင် သူသည် အတန်းထဲတွင် လူတော် တစ်ယောက် ဖြစ် ချေသည် ။ သို့သော် အတော်ဆုံး ဟူ၍ လည်း မည်သည့် အခါကမျှ မဖြစ်ခဲ့ပါချေ။

ယီဖင်ပိုလီနော့ သေဆုံးပြီးနောက်တွင် အလျှိုရှာသည် အထက်တန်းကျောင်းတွင် နောက်ထပ် နှစ်နှစ်မျှ ဆက်လက် ပညာသင်ကြားသည် ။ ခင်ပွန်းသည် ကွယ်လွန်သဖြင့် ပရိဒေဝမီး တောက်လောင်လျက်ရှိသော မုဆိုးမကြီးသည် သူမ၏ မိသားစုနှင့် အတူ အီတလီနိုင်ငံသို့ သွားရောက်သည် ။ ထိုသို့ သွားရောက်ရာတွင် မိန်းမသားတွေချည်း ဖြစ်သည် ။

အလျှိုရှာသည် ယီဖင်ပိုလီနော့နှင့် ဆွေနီးမျိုးစပ်တော်သော အဘွားကြီး နှစ်ယောက် အိမ်တွင် သွားရောက် နေထိုင်သည် ။ ထိုအဘွားကြီး နှစ်ယောက်ကို သူ အရင်က မမြင်တွေ့ ဖူးပါ။ သူတို့ အိမ်တွင် မည်သည့် ပုံစံဖြင့် သွားရောက် နေထိုင်ရမည်ကိုလည်း သူမသိပါ။ သူ၏ ထူးခြားသော အခြားစရိုက်တစ်ခုမှာ သူသည် မည်သူ၏ ထောက်ပံ့မှုဖြင့် နေနေရ သည် ကို ဂရုမပြုခြင်းပင် ဖြစ်သည် ။ ဤနေရာတွင် သူသည် အစ်ကိုဖြစ်သူ အိုက်ဗင်နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည် ။ အိုက်ဗင်သည် ငယ်ငယ်လေး ကတည်းကပင် သူတစ်ပါး၏ ထောက်ပံ့မှုဖြင့် နေနေရသည် ကို မနှစ်မြို့ခဲ့ချေ။ တက္ကသိုလ်ရောက်သည့် ပထမနှစ်တွင် အထူးလိုအပ်နေသော ငွေကြေးကိုလည်း သူ့ဘာသာသူ ရှာဖွေခဲ့သည် ။

အလျှိုရှာ၏ စရိုက်နှင့် ပတ်သက်၍ အထူး အပြစ်တင်ဖွယ်ရာကား မ

ရှိချေ။ အလှျိူ ရှာသည် သူ့မှာ ငွေတွေ အမြောက်အမြား ရှိနေလျှင်လည်း ပထမဆုံး တွေ့သည့် သူကို ပေးမည့် လူမျိုး ဖြစ်သည် ။ ယေဘုယျအား ဖြင့် ပြောရလျှင် သူသည် ငွေ၏ တန်ဖိုးကို သိရှိသူတစ်ဦး မဟုတ်ချေ။ သူ့ကို မုန့်ဖိုးပိုက်ဆံပေးလိုက်လျှင် (ထိုမုန့်ဖိုးကိုလည်း သူ့ဘာသူ မည်သည့် အခါကမျှ မတောင်းခဲ့ပါချေ) သူသည် ထိုပိုက်ဆံကို ဘာလုပ်ရမှန်း မသိသဖြင့် သူ့လက်ထဲ တွင် ရက်ပေါင်းများ စွာ ရှိချင်လည်း ရှိနေပေလိမ့်မည်။ သို့မဟုတ်ပါကလည်း ထိုပိုက်ဆံ သည် တစ်ခဏချင်း အတွင်းမှာပင် အလွယ်တကူ ကုန်ဆုံးသွားချင်လည်း သွားပေလိမ့်မည်။

'ဒီကမ္ဘာကြီးမှာ မင်းလိုလူမျိုး တစ်ယောက်ပဲ ရှိနိုင်တယ်။ အဲဒီလူမျိုးဟာ ပိုက်ဆံ တစ်ပြားမှ မရှိဘဲနဲ့ လူတစ်သန်းလောက်ရှိတဲ့ မြို့ကြီးတစ်မြို့ကို ရောက်သွားရင်လည်း ဘယ်လိုနည်းနဲ့ မှ ထမင်းငတ်ပြီး မသေနိုင်ဘူး။ သူဟာ ချက်ချင်းပဲ အလုပ်တစ်ခုရပြီး ထမင်း စားရဖို့ ဖြစ်လာမယ်၊ အဲဒီလို အလုပ်တစ်ခုရဖို့ လည်း သူ့အနေနဲ့ ဘာမှ အထူးတလည် ကြိုးစားနေစရာ မလိုဘူး၊ သိက္ခာကျစရာလည်း ဘာမှ မရှိဘူး။ ဘယ်သူ့မှာ မှလည်း ဝန်လေး စရာ မရှိဘူး၊ အလုပ်ရှင်က သူ့ကို ဝမ်းသာပန်းသာနဲ့ အလုပ်တစ်ခု ပေးမှာ ပဲ'

ငွေကြေးနှင့် ပတ်သက်ပြီး အလေးထားတတ်သော ပီတာမီယူဆော့သည် အလှျိူရှာ၏ အကြောင်းကို သိရှိသောအခါ အထက်ပါအတိုင်း ပြောဆိုခဲ့သည် ။

သူသည် အထက်တန်းကျောင်းတွင် ပညာသင်ကြားခြင်း မပြီးဆုံးခဲ့ပါချေ။ သင်တန်း ပြီးဆုံးခါနီး တစ်နှစ်ခန့်အလိုတွင် သူသည် ခေါင်းထဲတွင် စိတ်ကူးတစ်ခု ရုတ်တရက် ရလာသဖြင့် သူ့ဖခင်ထံ သွားဦးမည်ဖြစ်ကြောင်း အတူနေသော အဘွားကြီး နှစ်ယောက်ကို ပြောကြားသည်

။ အဘွားကြီး နှစ်ယောက်သည် သူ့ကို အထူးပင် ချစ်ခင်ကြသဖြင့် ခွင့်မပြု ချင်ဘဲ ခွင့်ပြုကြရသည် ။ ခရီးစရိတ်မှာ မြောက်မြားလှသည် မဟုတ်ချေ။ ယီဖင်ပိုလီနေ့၏ မိသားစု နိုင်ငံခြားသို့ သွားခါနီးတွင် အမှတ်တရ လက်ဆောင်ပေးခဲ့သော နာရီကို လမ်းစရိတ်အလို့ ငှာ သူ ပေါင်မည်ပြုသောအခါ အဘွားကြီး နှစ်ယောက်က ခွင့်မပြုပါချေ။ လမ်းစရိတ်ကို သူတို့ ကပင် ပေးပါသည် ။ ထိုမျှမက သူ့အတွက် ဝတ်စုံအသစ် တစ်စုံလည်း ချုပ်ပေးကြပါသည် ။

သို့ရာတွင် အလှူရှာသည် အဘွားကြီးများ ပေးသော ငွေတစ်ဝက်ကို ပြန်ပေးသည် ။ သူက တတိယတန်းမှ သွားမည်ဟု ဆိုသည် ။

ကျွန်ုပ်တို့ မြို့ကလေးသို့ သူရောက်ရှိသောအခါ ကျောင်းမပြီးသေးဘဲနှင့် ဘာလို့ ပြန်လာသနည်းဟု သူ့ဖခင်ကမေးသော မေးခွန်းကို သူ အတိအကျ မဖြေဘဲ တွေဝေငေး မောလျက်သာ နေတတ်သည် ။ နောက်မှ သိရသည် မှာ သူ့မိခင်၏ သင်္ချိုင်းကို ရှာဖွေရန် သူ ပြန်လာခြင်းပင် ဖြစ်တော့သည် ။ သည် ကိစ္စအတွက်ပင် သူ လာရောက်ခြင်း ဖြစ်ကြောင်း သူကိုယ်တိုင် ထိုအချိန်က ဝန်ခံပြောဆိုခဲ့သည် ။ သို့သော် သူ လာရောက်ခြင်းသည် ဤ အကြောင်းကိစ္စ တစ်ခုတည်းအတွက် ဆိုသည် မှာ ကားစဉ်းစားစရာ ဖြစ်သည် ။ သူ၏ ဘဝ လမ်း ခရီးသစ်ကို မလွဲမရှောင်သာ လျှောက်စေရန် မည်သည့် အချက်က သူ့စိတ်ကို စေ့ဆော် သည် ကိုကိုယ်တိုင်လည်း မသိတာ ဖြစ်နိုင်ပါသည် ။

ဖခင်ဖြစ်သူသည် ဒုတိယဇနီးသည် ၏ သင်္ချိုင်းနေရာကို မပြနိုင်ဘဲ ရှိသည် ။ အကြောင်းမှာ သူသည် ဇနီးသည် ၏ ခေါင်းကို မြှုပ်နှံပြီးသည့် နောက်ပိုင်းတွင် ထိုနေရာသို့ တစ်ခေါက် တလေမျှပင် မရောက်ရှိတော့သောကြောင့် ဖြစ်သည် ။ အချိန်ကာလလည်း ကြာမြင့်ပြီ ဖြစ်သဖြင့်

သင်ချိုင်းနေရာကို မေ့လျော့နေချေပြီတည်း။

ဤနေရာတွင် ကာရာမာဇော့အကြောင်း တစ်ခု ပြောရဦးမည်။ ကျွန်ုပ်တို့ မြို့သို့ သူ ပြန်လည်ရောက်ရှိနေသည် မှာ မကြာသေးပါ။ သူ့ သားများ နှင့် ရှေ့ဆင့်နောက်ဆင့်မျှ သာ ဖြစ်သည် ။ ဒုတိယဇနီး ကွယ်လွန်ပြီး သုံးလေးနှစ်အကြာတွင် ရုရှားပြည်ထောင်စု တောင်ပိုင်းသို့ သူ ထွက်သွားသည် ။ နောက်ဆုံးတွင် သူသည် ယူကရိန်းပြည်နယ် မြို့တော် အိုဒက်ဆာတွင် နှစ်ပေါင်းအတန်ကြာ နေထိုင်သည် ။ ထိုတွင် သူသည် ရဟူဒီများ နှင့် သိ ကျွမ်းရသည် ။ ပထမတွင် သူသည် ရဟူဒီ လူဆိုးများ နှင့် တွေ့ရပြီး နောက်ပိုင်းတွင် ရဟူဒီ လူကောင်းများ နှင့် ပေါင်းဆုံရသည် ။ သည် နှစ်များ အတွင်းမှာ ပင် သူသည် ငွေရပေါက် လုပ်ငန်းများကို တွေ့ရှိခဲ့ပြီး ငွေကြေး အတော်များများ စုဆောင်းမိခဲ့ ခြင်းပင် ဖြစ်သည် ။

နောက်ဆုံးတွင် သူသည် အလျှိုရှာ ရောက်ရှိမလာမီ သုံးနှစ်လောက်တွင် ကျွန်ုပ်တို့ မြို့ကလေးသို့ ပြန်လည်ရောက်ရှိလာသည် ။ သူသည် သိသိသာသာကြီးပင် အိုမင်းရင့်ရော် သွားသည် ကို သူ၏ အသိအကျွမ်း ဟောင်းများက တွေ့ရှိကြရသည် ။ သို့သော် သူသည် အဘိုးကြီး တစ်ယောက် မဟုတ်ပါချေ။ သူသည် ဣန္ဒြေသိက္ခာရှိမလာဘဲ ပို၍ ပင် ဟီရိ ဩတ္တပ္ပတရား ကင်းမဲ့လာသည် ။ လူပြက်ကြီး တစ်ယောက် ဖြစ်ခဲ့သော ကာရာမာဇော့သည် အခြားသူတွေကိုလည်း လူပြက်များ ပင် ဖြစ်စေတော့သည် ။ မိန်းမတွေနှင့် ပတ်သက်သည့် သူ၏ လုပ်ပုံကိုင်ပုံများမှာလည်း ကောင်းမလာရုံသာမက ပို၍ ပင် ဆိုးရွားလာတော့သည် ။

သူပြန်ရောက် လာပြီး မကြာမတင်မီမှာ ပင် ကျွန်ုပ်တို့ ခရိုင်အတွင်း၌ ပျော်ပွဲစားရုံ အမြောက်အမြားကို သူ ဖွင့်လှစ် တည်ထောင်တော့သည်

။ သူ့တွင် ရူဗယ်ငွေ တစ်သိန်း သို့မဟုတ်၊ တစ်သိန်းနီးပါးခန့် ရှိသည် မှာ လည်း သေချာသည် ။ ကျွန်ုပ်တို့ မြို့နှင့် ခရိုင် အတွင်းရှိ လူအတော်များ များ ပင် သူ့ထံတွင် ငွေချေးကြရသည် ။

နောက်ပိုင်းတွင် သူ့ခန္ဓာကိုယ်ကြီးသည် အရက်ဖော ဖောလာတော့ သည် ။ သူ၏ ဦးနှောက်မှာ လည်း မကောင်းချင်တော့။ သူ၏ စိတ်အစဉ် မှာ လည်း မမှန်ချင်တော့။ သူ၏ လုပ်ဆောင်ချက်များ သည် အမြီးအ မောက် မတည့်တော့။ သည် တစ်ခုကို အစပျိုးထားပြီး အခြားတစ်ခုကို လက်စသတ်သည် ။ သူ၏ စိတ်ကူးများ သည် တစ်ခုမှ တစ်ခုသို့ ခုန်ကူး လျက် ရှိတော့သည် ။ အရက်ကိုလည်း အရင်ကထက် ပိုသောက်လာ သည် ။ သူ၏ လက်ပါးစေကြီး ဂရီဂိုရီကြောင့် သာလျှင် သူသည် ဘေးဒု က္ခများ ကျရောက်မည့် အဖြစ်မှ လွတ်ကင်းရသည် ။ ဂရီဂိုရီသည် ကာ ရာမာဇော့ကို ကလေးတစ်ယောက်လိုပင် ကြည့်ရှုစောင့်ရှောက်လျက် ရှိ သည် ။ ဂရီဂိုရီ ကိုယ်တိုင်မှာ လည်း ထိုအချိန်တွင် အဘိုးကြီး တစ်ယော က် ဖြစ်နေပေပြီ။

အလျှိုရှာ ရောက်ရှိလာခြင်းသည် ကာရာမာဇော့ကို အနည်းငယ် တော့ ပြောင်းလဲစေပါသည် ။ သူ၏ စိတ်သဘောထားများကို တည်ငြိမ် စေပါသည် ။ သူ၏ ရင်ထဲတွင် သန္ဓေ တည်နေသော အရာတစ်ခု နိုးကြားရှင်သန်လာသည့် အလား ဖြစ်သည် ။

'သား သိသလား၊ သားဟာ သင်းနဲ့ တကယ်တူတာပဲ၊ သင်း ဆိုတာ ဟို "အရူးမ" ကို ပြောတာ'

အလျှိုရှာကို ဤကဲ့သို့ သူ မကြာမကြာ ပြောတတ်သည် ။ အလျှိုရှာ ၏ အမေကို 'အရူးမ' ဟု သူခေါ်လေ့ရှိသည် ။

အလျှိုရှာကို 'အရူးမ' ၏ သင်္ချိုင်းသို့ လိုက်ပြသူမှာ ဂရီဂိုရီပင် ဖြစ်သ

ည် ။ ဂရိဂိုရီ သည် အလျှိုရှာကို သုသာန်သို့ ခေါ်သွားသည် ။ သုသာန် ထောင့် တစ်နေရာတွင် ရှိသော အုတ်ဂူကလေးကို ပြသည် ။ အုတ်ဂူက လေးသည် အပေါစား ဖြစ်သော်လည်း ကောင်းမွန်စွာ ပြုလုပ်ထားသည် ။ ကွယ်လွန်သူ၏ အမည်၊ အတန်းအစား၊ အသက်၊ ကွယ်လွန်သည့် နေ့စွဲ တို့ ကို ထုထွင်းထားသော ကျောက်ပြားကလေးနှင့် ဖြစ်သည် ။ အောက် ဘက်တွင် အထက် လွှာတို့ ၏ သင်္ချိုင်းဂူများ တွင် တွေ့ရသော ရှေးဟော င်းကဗျာ လေးကြောင်းကို ရေးထိုးထား သည် ။

အံ့သြစရာကောင်းသည် ကတော့ ဤအုတ်ဂူကလေးကို ဂရိဂိုရီက တည်ဆောက်ထား ခြင်းပင် ဖြစ်သည် ။ ‘အရူးမ’ ၏ မြေပုံပေါ်တွင် သူ၏ ငွေဖြင့် ဤအုတ်ဂူကလေးကို ပြုလုပ် ထားခဲ့ခြင်း ဖြစ်သည် ။ ကာရာမာ ဇော့ကို အုတ်ဂူလုပ်ရန် သူ ခဏခဏ ပြောခဲ့သော်လည်း ကာရာမာဇော့ သည် အုတ်ဂူကိစ္စကို လုံး၀ မေ့လျော့ကာ အိုဒက်ဆာသို့ ထွက်သွားခဲ့ သည် ။

အလျှိုရှာသည် မိခင်၏ အုတ်ဂူကို တွေ့ရှိရသောအခါ အထူးတလည် စိတ်ထိခိုက်ဟန် မပြခဲ့ပါ။ အုတ်ဂူ ဆောက်လုပ်သည့် အကြောင်း ဂရိဂိုရီ က လိုက်လှဲစွာ ပြောပြသည် ကို သူက ဘာတစ်ခွန်းမျှ မပြောဘဲ ခေါင်း ကလေး ငုံ့ကာ နားထောင်နေခဲ့သည် ။ သည့် နောက် ပိုင်းတွင် သူသည် မိခင်၏ အုတ်ဂူသို့ ထပ်မံသွားရောက်ခြင်း မရှိတော့ပါ။

သို့သော် ဤဇာတ်လမ်းကလေး ကလည်း ကာရာမာဇော့ကို ထိခိုက် စေသည် ။ သူ သည် ရူဗယ်ငွေ တစ်ထောင်ယူကာ ဘုန်းကြီးကျောင်းသို့ သွားသည် ။ ကွယ်လွန်သူ ဇနီး အတွက် ၀တ်ပြုပွဲ ကျင်းပသည် ။ သို့သော် ဒုတိယဇနီး အလျှိုရှာ၏ မိခင်အတွက်ကား မဟုတ်ချေ။ သူ ထု ထောင်းရိုက်နှက်ခဲ့သော ပထမဇနီးသည် အဒီလေဒါအတွက် ဖြစ်သည် ။

သို့သော် ထိုနေ့ ညနေဘက်မှာ ပင် သူသည် အရက်တွေမူးပြီး ဘုန်းကြီး တွေကိုရော၊ အလှူရှင်ကိုရော ဆဲဆိုသည် ။ သူသည် ဘာသာရေး ကိုင်း ရှိုင်းသူ တစ်ဦးမဟုတ်ပါချေ။ ပုံတော်ရပ် ရှေ့တွင် ဖယောင်းတိုင်ကလေး တစ်တိုင်ပင် ထွန်းလှူခဲ့ဖူးသူ မဟုတ်ချေ။ ဤလိုလူမျိုး တွေသည် ရုတ် တရက် စိတ်ကူး ပေါက်တတ်ကြသည် ။

သူ၏ ခန္ဓာကိုယ်ကြီးသည် များ စွာပင် ဖောရောင်လျက်ရှိကြောင်း ကျွန်ုပ် ပြောဆိုခဲ့ပြီးပြီ။ ထိုအချိန်က သူ့မျက်နှာကြီးသည် သူကျင်လည်ခဲ့ သော ဘဝကို ဖော်ပြနေသည် ။ အမြဲတစေလိုပင် ခက်ထန်သော၊ မယုံ သင်္ကာရှိသော၊ သရော်လှောင်ပြောင်သော မျက်လုံးကလေးများ ၏ အောက်ဘက်တွင် မျက်ခွံများ ရှည်လျားစွာ တွဲကျနေသည် ။ မျက်နှာ တစ်ခု လုံးတွင် အသားအရေများ နက်ရှိုင်းစွာ တွန့်နေသည် ။ ချွန်ထက် သော မေးအောက်တွင် ကြီးမားသော လည်စေ့က တွဲကျလျက်ရှိသည် ။ သူ့ပါးစပ်က ရှည်ရှည်ပြဲပြဲကြီး ဖြစ်ပြီး နှုတ်ခမ်းများက ထူလပျစ်ကြီး ဖြ စ်သည် ။ သွားတွေက မည်းနက်ပြီး ကျိုးပေါက်နေကြသည် ။ သူသည် စ ကားတစ်ခါပြောမည်လုပ်တိုင်း တံတွေးတစ်ခါ ထွေးတတ်သည် ။ သူ့ မျက်နှာ ကြီးနှင့် ပတ်သက်ပြီး သူ့ဘာသူပင် ဟာသ လုပ်တတ်သည် ။ သူ့ မျက်နှာကိုသူ သဘောကျနေသည် ။ အထူးသဖြင့် သူ့နှာခေါင်းကို သူ အမွှမ်းတင်တတ်သည် ။ သူ့နှာခေါင်းက သိပ်မကြီးပါ။ သို့သော် သေးသွ ယ်ပြီး လင်းယုန်နှုတ်သီးလို ကောက်နေသည် ။

‘ကျုပ်နှာခေါင်းက ရောမ နှာခေါင်းဗျ၊ ကျုပ်လည်ပင်းက လည်စေ့ ကြီးနဲ့ ဆိုရင် ကျုပ် မျက်နှာဟာ ရှေးခေတ် ရောမမှူးမတ်ကြီး တစ်ယော က်ရဲ့ မျက်နှာပဲ’ သူက ယင်းသို့ ပြောလေ့ရှိသည် ။ သည် အတွက် သူက ဂုဏ်တက်နေဟန် ရှိသည် ။

အလှျိုရှာသည် သူ့မိခင်၏ အုတ်ဂူကို တွေ့ရှိပြီးနောက် မကြာမတင်မီမှာ ပင် သာ သနာ့ဘောင်သို့ ဝင်ရောက်လိုကြောင်း သူ့ဖခင်ကို ပြောကြားသည် ။ ဘုန်းတော်ကြီးများက သူ့ကို ကိုရင်တစ်ပါးအဖြစ် လက်ခံလိုကြသည် ဟု ဆိုသည် ။ ဤသည် မှာ သူ၏ ပြင်းပြ သော ဆန္ဒဖြစ်သဖြင့် ဖခင်၏ သဘောတူညီချက်ကို တောင်းခံရခြင်း ဖြစ်သည် ဟု ဆိုသည် ။ ကျွန်ုပ်တို့ ကျောင်းတိုက်ကြီးရှိ ကျောင်းသင်္ခမ်းငယ် တစ်ခုတွင် လွတ်မြောက်ခြင်းတရားကို ဖွေရှာနေသော ဘုန်းတော်ကြီး ဇော်ဇိမာသည် ဤ ‘သိမ်မွေ့သော လူငယ်ကလေး’ ကို အထူး ပင် သဘောကျလျက်ရှိကြောင်း ကာရာမာဇော့ သိရှိထားပြီး ဖြစ်ပါသည် ။

အလှျိုရှာ၏ ခွင့်တောင်းခံမှုကို ကာရာမာဇော့သည် စကားတစ်ခွန်းမျှ မပြောဘဲ အလေးအနက် စဉ်းစားနေဟန်ဖြင့် နားထောင်သည် ။ အံ့ သြသည့် အမူအရာကား လုံးဝ မရှိချေ။ အလှျိုရှာ၏ စကားဆုံး သောအခါတွင် မှ သူက ..

‘ဒီ ဘုန်းတော်ကြီးဟာ မွန်မြတ်စင်ကြယ်တဲ့ ဘုန်းတော်ကြီးတွေထဲမှာ တစ်ပါး အပါ အဝင်ပဲ။ အဟမ်း ... ဒါကြောင့် မို့လည်း ဒီနေရာကို လူလိမ္မာကလေး သွားချင်တာ ဖြစ်ရ မယ်’

သူက အရက်ကလေး နည်းနည်းထွေနေပြီ ဖြစ်သည် ။ သူက ဖြုန်းခနဲ သူ၏ မပွင့်တပွင့် အပြုံးကို ပြုံးလိုက်သည် ။

‘အဟမ်း ... ဒီမယ် လူကလေး၊ တစ်နေ့ကျရင် သားဟာ ဒီလိုပုံစံမျိုးနဲ့ပဲ အဆုံးသတ် လိမ့်မယ်ဆိုတာ ဖေဖေ အစောကြီးကတည်းက ကြိုပြီးသိခဲ့တယ်။ ဖေဖေပြောတာ သား ယုံတယ်မဟုတ်လား၊ သားစိတ်ထဲမှာ ဒါကိုပဲ အမြဲတမ်း စိတ်ကူးနေတယ် မဟုတ်လား၊ ဖေဖေ သိပါတယ်၊ သားမှာ သားကိုယ်ပိုင်ငွေ နှစ်ထောင်ရှိတယ်၊ ဒါက သားလက်ထပ်ရင် ခန်း

ဝင်ကြေးတင်ဖို့ ပဲ၊ ဖေဖေက သားကို ဘယ်တော့မှ ပစ်မထားပါဘူး။ တကယ်လို့ သူတို့ က တောင်းလို့ ရှိရင် သားအတွက် လိုအပ်တဲ့ ငွေကို ဖေဖေပေးပါ့မယ်၊ ဒါပေမဲ့ သူတို့ က မတောင်းဘူး ဆိုရင်တော့ လည်း ဖေဖေတို့ က ဘာပြုလို့ သူတို့ ကို တောင်းပန်ပြီး ပေးရမှာ လဲ။ ဟုတ်တယ် မဟုတ်လား၊ သားက ပိုက်ဆံသုံးတဲ့ နေရာမှာ စာကလေး တစ်ကောင်လိုပဲ၊ တစ်ပတ်မှ စပါးလုံး နှစ်စေ့ပဲ ကုန်တဲ့ သဘောမျိုးပဲ။

'အဟမ်း ... သား သိပါတယ်၊ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိတယ်၊ အဲဒီကျောင်း ရဲ့ အောက်ဘက် တောင်ခြေမှာ အိမ်တွေ အများကြီးရှိတယ်၊ အဲဒီမှာ ဘယ်သူတွေနေသလဲ။ လူတွေအားလုံး သိပါတယ်၊ "ဘုန်းကြီးကတော်" တွေ နေကြတယ်၊ သူတို့ ကို ဒီလိုပဲ ခေါ်ကြ တယ်။ ဘုန်းကြီးကတော် အားလုံးပေါင်း သုံးဆယ်လောက် ရှိမယ်လို့ ဖေဖေ ထင်တယ်။အဲဒီကို ဖေဖေကိုယ်တိုင် ရောက်ဖူးတယ်၊ အဲဒီမှာ အများကြီး စိတ်ဝင်စားစရာ ကောင်းတယ်၊ အပြောင်းအလဲ သဘောမျိုးပေါ့။ နောက်ပြီးတော့ အင်မတန် အံ့သြစရာကောင်းတာကတော့ အဲဒီမှာ ရုရှားတွေရဲ့ မျိုးချစ်စိတ် အပြည့်အဝ ရှိတယ်။ အဲဒီမှာ ပြင်သစ်မ တစ်ယောက်မှ မရှိဘူး၊ သူတို့ အနေနဲ့ ပြင်သစ်မတွေကို ခေါ်မယ်ဆိုရင် အများကြီး ခေါ်ထားနိုင်တာပေ့ါ၊ သူတို့ မှာ ပိုက်ဆံတွေ အများကြီးရှိတာပဲ၊ ပြင်သစ်မတွေကလည်း ခေါ်တယ်ဆိုရင် လာကြမှာ ပဲ။

'အဲ ... ဖေဖေတို့ ရဲ့ ဘုန်းကြီးကျောင်းမှာ တော့ ဒါမျိုးတွေ မရှိပါဘူး၊ ဘုန်းကြီးကတော် တွေ တစ်ယောက်မှ မရှိဘူး၊ ဘုန်းကြီး အပါး နှစ်ရာပဲရှိတယ်၊ သူတို့ ဟာ အင်မတန် ရိုးသား ဖြူစင်ကြတယ်၊ သူတို့ ဟာ ပညတ်ထားတဲ့ အတိုင်း ဝါရှောင်ကြတယ်၊ အမှန်ပဲ။ အဲ ... အဲဒီ တော့ အဲဒီကို သား သွားချင်တယ် မဟုတ်လား။

'သားကို ဆုံးရှုံးရမယ့်အတွက် ဖေဖေ စိတ်မကောင်းပါဘူး၊ တကယ် ပါပဲ အလျှိုရှာ၊ သားကတော့ ယုံမှာ မဟုတ်ဘူး ပေါ့။ ဒါပေမဲ့ ဖေဖေဟာ သားကို တကယ့်ကို ချစ်ပါတယ်၊ အင်းလေ ... သား အခုလို ဘုန်းကြီး ဝတ်မယ်ဆိုတာလည်း ကောင်းပါတယ်၊ ဖေဖေတို့ အတွက် သား ဆု တောင်းပေးနိုင်တာပေ့ါ၊ ဖေဖေတို့ ကတော့ အကုသိုလ်သမားတွေပဲ၊ ဖေ ဖေ တို့ ဟာ ဒီအိမ်ကြီးမှာ အကုသိုလ်တွေ အများကြီး ပွားများ ခဲ့ကြ တယ်။ ဖေဖေ့အတွက် ဘယ်သူကများ ဆုတောင်းမေတ္တာ ပို့ပေးပဲ့မလဲ လို့ ဖေဖေ အမြဲတမ်း စဉ်းစားမိခဲ့တယ်။ ဖေဖေ့အတွက် ဆုတောင်းပေးမ ယ့် လူမျိုးတစ်ယောက် ဒီကမ္ဘာကြီးမှာ ရှိမှ ရှိပဲ့မလား။

'ဖေဖေ အမြဲတမ်း စဉ်းစားနေတယ်၊ ဖေဖေ သေလို့ ရှိရင် ငရဲသား တွေက ဖေဖေ့ကို ချိတ်ကြီးနဲ့ ချိတ်ပြီး သူတို့ နေရာကို ဆွဲခေါ်သွားကြမှာ ပဲ။ ချိတ်တွေ အကြောင်းလည်း ဖေဖေ စဉ်းစားမိတယ်၊ ဒီချိတ်တွေကို သူ တို့ ဘယ်ကရသလဲ၊ ဒီချိတ်တွေကို ဘာနဲ့ လုပ်ထားသလဲ၊ သံချိတ်တွေပဲ လား။ ဒီချိတ်တွေကို သူတို့ ဘယ်မှာ လုပ်သလဲ၊ သူတို့ မှာ ပန်းပဲဖိုလို ဟာမျိုး တော့ ရှိရမှာ ပဲ၊ ငရဲမှာ မျက်နှာကြက် ရှိတယ်ဆိုတာကို သားတို့ ကျောင်းက ခင်ကြီးတွေ ယုံကြည်ထားကြတယ်၊ ငရဲဆိုတာကို ဖေဖေ လ က်ခံချင်ပါတယ်၊ ဒါပေမဲ့ မျက်နှာကြက် ရှိတဲ့ ငရဲမျိုးပေ့ါ၊ အဲဒီလိုဆိုရင် ဘယ်လောက်များ သန့်ပြန့်စင်ကြယ်မလဲ၊ ဘယ်လောက်များ အလင်း ရောင် ပေးစွမ်းနိုင်မလဲ။

'ဒါပေမဲ့ ငရဲမှာ မျက်နှာကြက် ရှိရှိ မရှိရှိ အကြောင်းတော့ မဟုတ်ပါ ဘူး။ တစ်ခု တော့ ရှိတယ်ပေါ့။ မျက်နှာကြက်မရှိဘူး ဆိုရင်တော့ ချိတ်စ ရာ ချိတ်တွေ မရှိနိုင်ဘူး၊ ချိတ် စရာ ချိတ်တွေ မရှိဘူးဆိုရင်လည်း ဘာမှ မဖြစ်နိုင်ပြန်ဘူးပေ့ါ။ ဖေဖေ့ကို ဘယ်သူက ချိတ်တွေနဲ့ ဆွဲချနိုင်တော့မှာ လဲ၊ တစ်ခါ ဖေဖေ့ကို ငရဲက ဆွဲမချဘူး ဆိုပြန်ရင်လည်း ဒီလောက ကြီး

မှာ တရားစီရင်မှု ဆိုတာ ဘယ်မှာ ရှိပြန်တော့မလဲ၊ ဒီချိတ်တွေဟာ ဖေဖေ့အတွက်တော့ ရှိနေရမယ်၊ ဖေဖေဟာ လူယုတ်မာကြီး တစ်ယောက်ပဲ အလှျိုရှာ’

‘ငရဲမှာ ချိတ်တွေ မရှိပါဘူး ဖေဖေ’

အလှျိုရှာက သူ့ဖခင်ကို အလေးအနက်နှင့် ချိုသာစွာ ငေးမောကြည့်ရင်း ပြောလိုက် သည် ။

‘ဖေဖေ သိပါတယ်၊ ဖေဖေ သိပါတယ်။ ချိတ်တွေရဲ့ အရိပ်အယောင်တွေလောက် ပါ။ ပြင်သစ် တစ်ယောက်က ငရဲကို ဒီလိုပဲ ဖော်ကျူးခဲ့တယ်။ ဒါပေမဲ့ ငရဲမှာ ချိတ်တွေ မရှိဘူး ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ သားဟာ ခင်ကြီးတွေ ကြားထဲကို ရောက် သွားတဲ့ အခါမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားမှာ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ် သား သွားပါ။ အဲဒီမှာ အမှန်တရားကို ရှာပြီး ဖေဖေ့ကို ပြန်ပြောပါ။ ကိုယ်သွားရမယ့် တမလွန်မှာ ဘာ ရှိတယ်ဆိုတာ အသေအချာ သိရရင် ကောင်းတာပေ့ါ။ ဘာပဲဖြစ်ဖြစ် သားဟာ ဒီအိမ်ကြီး မှာ အရက်သမားကြီး တစ်ယောက်နဲ့ မိန်းမပျက်တွေနဲ့ အတူနေမယ့်အစား ဘုန်းကြီးတွေနဲ့ အတူသွားနေတာက အများကြီး ကောင်းပါတယ်။ အဲဒီမှာ သား ဘာမှ မဖြစ်နိုင်ဘူးဆိုတာ ဖေဖေယုံတယ်၊ ဒါကြောင့် လည်း သားကို ဖေဖေ လွှတ်တာပဲ၊ သားဟာ အဲဒီမှာ မှ အသိဉာဏ် တွေရနိုင်ပြီး ဒီကိုပြန်လာလိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်၊ သားကို ဖေဖေ စောင့်နေမယ်၊ ဒီကမ္ဘာလောကကြီးမှာ ဖေဖေ့ကို အပြစ်မပြောတဲ့ လူဟာ သားတစ်ယောက်ပဲ ရှိတယ်။ ဒါကို ဖေဖေ ကောင်းကောင်း ခံစားရတယ်၊ ဘယ်လိုမှ မခံစားဘဲ မနေနိုင်ဘူး’

ထို့နောက် သည်းထန်စွာ ငိုကြွေးတော့သည် ။ သူက စိတ်ထိခိုက်တတ်သည် ။ သူက ကောက်ကျစ်စဉ်းလဲသော်လည်း စိတ်ထိခိုက်တတ်

ပါသည် ။

*****

၅။ ခင်ကြီးများ

ကျွန်ုပ်၏ ဇာတ်လိုက်ကလေးသည် နာမကျန်းသော၊ စိတ်ချောက်ချားတတ်သော၊ စရိုက် ပျော့ညံ့သော၊ အားနည်းသော စိတ်ကူးယဉ်သမား တစ်ယောက်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်၏ စာဖတ် ပရိသတ်တချို့က ထင်ကောင်း ထင်ကြပေလိမ့်မည်။ မဟုတ်ပါ၊ အထက်ဖော်ပြပါ အချက်များ နှင့် လုံးဝ ဆန့်ကျင်ပါသည် ။ ထိုအချိန်က အလျှိုရှာသည် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည် ။ ပါးနှစ်ဖက် နီရဲပြီး မျက်လုံးများ ရွှန်းလဲ့နေသော အသက်နှစ်ဆယ်ရွယ် လူငယ်တစ်ဦး ဖြစ်ပါသည် ။ သူ့ကို ကြည့်ရသည် မှာ ကျန်းမာရေးနှင့် ပြည့်ဝလှပါသည် ။

သူက လူချော လူလှကလေး တစ်ယောက်ပင် ဖြစ်သည် ။ ကိုယ်ခန္ဓာ သွယ်ဖြောင့်သည် ။ အရပ်အမောင်း သင့်သည် ။ ညိုနက်သော ဆံပင်ရှိသည် ။ မျက်နှာ သွယ်ဝန်းသည် ။ မျက်လုံးများ ညိုနက်ရွှန်းလဲ့သည် ။ တည်ကြည်လေးနက်သော အသွင်ရှိသည် ။

တစ်ခုတော့ ပြောရဦးမည်။ သူ၏ နီရဲသောပါးများကြောင့် သူ့ကို အယူသီးသူ တစ် ယောက်၊ အကြားအမြင်သမား တစ်ယောက်ဟု မယူဆကြစေလိုပါ။ အမှန်တော့ အလျှိုရှာ သည် ဒိဋ္ဌိဓမ္မ လက်တွေ့သမား စစ်စစ် တစ်ယောက်ဖြစ်သည် ။ သို့သော် ဘုန်းကြီးကျောင်းသို့ ရောက်ရှိသော အခါတွင် ကား သူသည် တန်ခိုးတော်များကို လုံးဝဥဿုံ ယုံကြည်တော့သည် ။ သို့သော် ကျွန်ုပ်သဘောအရ ပြောရလျှင် တန်ခိုးတော်များသည် လက်တွေ့သမား တစ်ယောက်ကို မည်သို့မျှ ရှုပ်ထွေးခြင်း မဖြစ်စေပါ။ လက်တွေ့သမား တစ်ယောက်ကို ဘာသာရေးဘက်သို့ ရောက်ရှိ

စေ သည် မှာ တန်ခိုးတော်များကြောင့် မဟုတ်ပါ။ လက်တွေ့သမား တစ်ယောက်အဖို့ ယုံကြည်မှုသည် တန်ခိုးတော်မှ ဖြစ်ပေါ်လာသည် မဟု တ်ပါ။ ယုံကြည်မှုမှ သာလျှင် တန်ခိုးတော် ဖြစ်ပေါ်ပါသည် ။ လက်တွေ့ သမား တစ်ယောက်သည် သူ၏ လက်တွေ့ဝါဒကြောင့် တန်ခိုးတော်ကို သူ့စိတ်ထဲက ယုံကြည်ပြီဆိုလျှင် သူ့အနေနှင့် ဝန်ခံရပါမည်။ သူ မမြင်ရ လျှင် သူမယုံပါဟု တမန်တော် သောမတ်က မြွက်ကြားခဲ့ပါသည် ။ သူ မြင်ရသောအခါ ဤသို့ ပြောပါသည် ။ 'အို ... ဘုရားသခင်၊ တပည့်တော် မမြင်ရလျှင် တပည့်တော် မယုံပါ'

အလှျိုရှာသည် ဉာဏ်ထိုင်းသည် ၊ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိ၊ ကျောင်း သင်ခန်းစာ မပြီးမြောက် စသည် ဖြင့် ပြောနိုင်သည် ။ သူ့အနေနှင့် ကျော င်းပညာ မပြီးမြောက်ခဲ့သည် ကား မှန်သည် ။ သို့သော် သူ့ကို ဉာဏ်ထိုင်းသည် ၊ ညံ့ဖျင်းသည် ဟု ပြောလျှင်ကား မတရား ပါ။ အထက် တွင် ကျွန်ုပ်ပြောခဲ့ပြီးသည် ကို ထပ်မံ၍ ပြောပါဦးမည်။ ဤလမ်းကို သူ ရွေးချယ်ခြင်းသည် ဤနည်းဖြင့်သာ သူ၏ စိတ်ဝိညာဉ်သည် အမှောင်တို က် အတွင်းမှ နေ၍ အလင်းသို့ ရောက်မည်ဟု ယုံကြည်ယူဆသော ကြောင့် ပင် ဖြစ်ပါသည် ။ ဤခေတ်လူငယ် များ သည် ပင်ကိုအားဖြင့် ရိုးသားသည် ။ အမှန်တရားကို လိုလားသည် ။ အမှန်တရားကို ရှာဖွေ ကြသည် ။ အမှန်တရားကို ယုံကြည်ကြသည် ။ အမှန်တရားကို ယုံကြည် သည့် အလျောက် အမှန်တရားကို စိတ်စွမ်းရှိသမျှ၊ ကိုယ်စွမ်းရှိသမျှ လိုက်နာဆောင်ရွက်လိုကြသည် ။ သူရဲ ကောင်း ပီသစွာဖြင့် အရာရာကို စွန့်လွှတ် ဆောင်ရွက်လိုကြသည် ။ လိုအပ်လျှင် သူတို့ ဘဝကိုပင် အနစ် နာခံ စွန့်လွှတ်ရန် အဆင်သင့် ရှိကြသည် ။

'သင်သည် ပြီးပြည့်စုံခြင်းရှိပါက သင့်မှာ ရှိသည် များအားလုံးကို ပေးဝေပြီး ... ငါ၏ နောက်သို့ လိုက်ခဲ့ပေလော့' ဤသို့ ရေးထားသည် ။

သည် အခါ အလျှိုရှာက သူ့ကိုယ်သူ ပြောသည် ။ ‘သင့်မှာ ရှိတာတွေ "အားလုံး" ကို မဆိုထားနဲ့ ၊ ငါဟာ နှစ်ရူဗယ် လောက်ကို တောင် မစွန့်လွှတ်နိုင်ဘူး၊ "ငါ၏ နောက်သို့ လိုက်ခဲ့ပေတော့" ဆိုသည့် အစားနံနက်ဝတ် ပြုပွဲ လောက်သာ သွားနိုင်တယ်’

ငယ်ငယ်က အဖြစ်အပျက်များကို မှတ်မိနေရာတွင် ကျွန်ုပ်တို့ မြို့အနီးက ဘုန်း တော်ကြီးကျောင်းတိုက်ကိုလည်း သူ မှတ်မိနေပေလိမ့်မည်။ သူ၏ မိခင်သည် နံနက် ဝတ် ပြုရန် သူ့ကို ထိုကျောင်းတိုက်သို့ ခေါ်သွားပေလိမ့်မည်။ သို့မဟုတ် နေရောင်ခြည်ထိုးကျ နေသော ပုံတော်ကားရှေ့တွင် သူ၏ မိခင်က သူ့ကို မြှောက်ပြီး ဆုတောင်းခြင်း ပြုမိခဲ့ သည် ကလည်း သူ့ကို လွှမ်းမိုးနေပါလိမ့်မည်။ ကျွန်ုပ်တို့ မြို့သို့ သူရောက်ရှိလာသောအခါ သူသည် တစ်စုံတစ်ခုကို လေးနက်စွာ တွေးတော ဆင်ခြင်နေဟန် ရှိပါသည် ။ ရှိသမျှအားလုံး ကို စွန့်လွှတ်ရမည်လား၊ သို့မဟုတ် နှစ်ရူဗယ်ကိုပဲ စွန့်လွှတ်ရမည်လားဟု ချိန်ဆနေဟန် ရှိပါသည် ။ သည်အချိန်မှာ ပင် သူသည် ဤ ခင်ကြီးရဟန်းကို တွေ့ရှိခြင်း ဖြစ်တော့သည် ။

ဤ ခင်ကြီးရဟန်း ဆိုသည် မှာ အထက်တွင် ကျွန်ုပ်ဖော်ပြခဲ့သော ဘုန်းတော်ကြီး ဇော်ဇီမာပင် ဖြစ်ပါသည် ။ ဤနေရာတွင် ကျွန်ုပ်တို့ ကျောင်းတိုက်ရှိ ‘ခင်ကြီး’ များ သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြောင်းကို အရင်ဆုံး ကျွန်ုပ် ပြောရပေဦးမည်။ သို့သော် ကျွန်ုပ်သည် ဤသို့ ရှင်းလင်းပြောဆိုနိုင်ရန် ကျွမ်းကျင်ခြင်း၊ ပိုင်နိုင်ခြင်း ရှိလှသည် ကား မဟုတ်ပါ။ မည်သို့ဖြစ်စေ ကျွန်ုပ် အတတ်နိုင်ဆုံး ကြိုးစားပြီး ရှင်းပြပါမည်။ သူတို့ အကြောင်း အပေါ်ယံ သဘောမျှလောက်တော့ ရှင်းပြပါမည်။

ဤ ခင်ကြီးများ နှင့် ဤအဖွဲ့အစည်းတို့ သည် ကျွန်ုပ်တို့ တိုင်းပြည်နှင့် ကျွန်ုပ်တို့ ကျောင်းတိုက်သို့ ရောက်ရှိလာကြသည် မှာ နှစ်ကာလ မကြာသေးသောင်းလှသေးပါဟု သိကျွမ်း နှံ့စပ်သူများက ဆိုပါသည် ။ လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာလောက်ကဟု ဆိုပါသည် ။ သို့ သော် အရှေ့တိုင်း အထူးသဖြင့် ဆိုင်းနိုင်းဒေသနှင့် မောင့်အေသို တို့ တွင် ကား ယင်းသို့ တည်ရှိခဲ့သည် မှာ နှစ်ပေါင်း တစ်ထောင်ကျော်ပြီဟု ဆိုပါသည် ။

အမှန်တော့ ခင်ကြီးများ ဂိုဏ်းသည် ရုရှားပြည်တွင် ရှေးယခင်ကတည်းက ရှိခဲ့နိုင်ပါ သည် ။ သို့သော် တာတာတို့ ဝင်ရောက်ခြင်း၊ တိုင်းပြည်အတွင်း စစ်များ ဖြစ်ပွားခြင်း၊ ကွန် စတင်တီနိုပယ် ကျဆုံးပြီးနောက် အရှေ့နှင့် အဆက်အသွယ်ပြတ်သွားခြင်း စသည့် တိုင်း ပြည်ကြီး ဝရုန်းသုန်းကား ဖြစ်မှုတို့ ကြောင့် ခင်ကြီးများ ပျောက်ကွယ် ဆိတ်သုဉ်းခဲ့ကြရခြင်း ဖြစ်ပေသည် ။ ကျွန်ုပ်တို့ နိုင်ငံတွင် ခင်ကြီး အဖွဲ့အစည်းကို လွန်ခဲ့သော ရာစုနှစ် အကုန် ပိုင်းလောက်က ပြန်လည်အစပျိုးခဲ့သူမှာ ရသေ့ကြီး ပါဆီ ဗီလီချက်ကော့စကီးနှင့် သူ၏ အန္တေဝါသိကများ ဖြစ်ကြသည် ။ သို့တစေလည်း နှစ်ပေါင်း တစ်ရာကျော်အကြာ ယနေ့ ကာလတွင် ခင်ကြီးများကို ကျောင်းတိုက် အနည်းငယ်တွင် သာ တွေ့ရှိရပါသည် ။ ရုရှား နိုင်ငံတွင် ခင်ကြီးများ အထွန်းကားဆုံး နေရာကား နာမည်ကျော် ကိုဇယ်စကီ ကျောင်းတိုက် ကြီးပင် ဖြစ်ပါသည် ။

ကျွန်ုပ်တို့ ကျောင်းတိုက်သို့ ခင်ကြီးများ မည်သည့် အချိန်က မည်သို့ မည်ပုံ ရောက် ရှိလာသည် ကိုကား ကျွန်ုပ် မပြောနိုင်ပါ။ သို့သော် ခင်ကြီးဆရာတော် သုံးဆက် ရှိသွားပြီ ကား အမှန်ပင်။ ဘုန်းတော်ကြီး ဇော်ဇီမာသည် တတိယမြောက် ခင်ကြီးဆရာတော်ပင် ဖြစ်သည် ။ သို့သော် သူသည် နာမကျန်းလျက် ရှိသည် ။ ကွယ်လွန်ခါနီးနေပြီ ဖြစ်သ

ည် ။ သူ့နေရာကို ဆက်ခံမည့် သူ မရှိသေး ဖြစ်နေသည် ။ ကျွန်ုပ်တို့ ကျောင်းတိုက်အတွက် ဤကိစ္စမှာ အရေးကြီးလှပေသည် ။ အကြောင်း မှာ ခင်ကြီးများ မထင်ရှားမီ ကာလအထိ ကျွန်ုပ် တို့ ကျောင်းတိုက်သည့် အကြောင်းတစ်စုံတစ်ရာအတွက် ထင်ရှားကျော်ကြားခဲ့ဖူးခြင်း မရှိ ပါ။ သူတော်စင်တို့ ၏ ဓာတ်တော် မွေတော်များ လည်း မရှိပါ။ အံ့ချီးဖွယ်ရာ ပုံကားတော် များ လည်း မရှိပါ။ သမိုင်းနှင့် ဆက်စပ်သော ထင်ရှားသည့် အစဉ်အလာများ လည်း မရှိပါ။ တိုင်းပြည်အတွက် အထူးတလည် အကျိုးပြုခဲ့သည့် အချက်များ လည်း မရှိပါ။ ခင်ကြီး ဆရာတော်ကြီးများ ကြောင့် သာ ဤကျောင်းတိုက်၏ အမည်သတင်းသည် တိုင်းပြည်တွင် အကျော်ဇေယျ ဖြစ်ခဲ့ရသည် ။ ဤ ခင်ကြီးဆရာတော်များကို ဖူးမြော်ရန် နှင့် ၎င်းတို့ ၏ တရား ဒေသနာကို နာကြားရန် ရှရှားပြည်အဝှမ်း မိုင် ထောင်ပေါင်းများ စွာ ဝေးကွာရာ အရပ်တို့ မှ ဘုရားဖူးများ ရောက်ရှိ လာကြရသည် ။

ယင်းသို့ တပြီးကား ဤ ခင်ကြီးရဟန်းဆိုသူများ သည် အဘယ် ကဲ့သို့သော ပုဂ္ဂိုလ် များ ပေနည်း။ ခင်ကြီးရဟန်း ဆိုသည် မှာ သင်၏ ဝိညာဉ်နှင့် သင်၏ စိတ်ဆန္ဒတို့ ကို သူ ၏ ဝိညာဉ်နှင့် သူ၏ စိတ်ဆန္ဒ အဖြစ် ရယူထားသူ ဖြစ်သည် ။ သင်သည် ခင်ကြီးတစ်ပါး ကို ဆည်းကပ်သည် ဆိုလျှင် သင်၏ စိတ်ဆန္ဒကို စွန့်လွှတ်ပြီး ထိုခင်ကြီးထံ တွင် စွန့်လွှတ် အပ်နှံရသည် ။ လုံးဝ အပ်နှံရသည် ။ မိမိ၏ ကိုယ်ကို လုံး ဝ စွန့်လွှတ်ရသည် ။ ဤသို့ ဆည်း ကပ်သော ကိုရင်တစ်ပါးသည် ၊ ဤသို့ ဆည်းကပ်သော အန္တေဝါသိက တစ်ဦးသည် ကာလ အတန်ကြာ သောအခါ သူ့ကိုယ်သူ အုပ်စိုးနိုင်မည် ဖြစ်သည် ။ သူ့ကိုယ်သူ အောင်နိုင် လာ မည် ဖြစ်သည် ။ နောက်ဆုံးတွင် သူသည် လုံးဝဥဿုံ လွတ်မြောက် မှုကို ရရှိမည်ဖြစ်သည် ။ ယင်း၏ သဘောမှာ သူ၏ အဖြစ်မှ သူ

လွတ်မြောက်ခြင်းပင် ဖြစ်သည် ။ မိမိတို့ ၏ ကိုယ်တွင် မိမိတို့ ၏ ဘဝကို ရှာဖွေ၍ မတွေ့ရှိနိုင်သူများ အဖြစ်မှ လွတ်မြောက်ခြင်းပင် ဖြစ်သည် ။ ဤ ခင်ကြီးရဟန်းတို့ ၏ အယူဝါဒသည် သဘောတရား သီဝရီတစ်ခုမှ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ အရှေ့ဒေသတွင် နှစ်ပေါင်း တစ်ထောင်လောက် လက်တွေ့ ကျင့်ကြံခဲ့ရာမှ ရရှိ လာခြင်း ဖြစ်သည် ။

ခင်ကြီး တစ်ဦးထံတွင် ထားရှိအပ်သော ပဋိပတ်သည် သာသနာ့ 'ဝတ္တရား' တစ်ခု မဟုတ်ပါချေ။ တပည့်ဖြစ်သူသည် ဆရာရဟန်းထံတွင် အမြဲ အာပတ်ဖြေခြင်း ပြုရမည်။ ခင်ကြီးနှင့် တပည့်ကြားတွင် မည်သို့မျှ မချေဖျက်နိုင်သော အနှောင်အဖွဲ့ ရှိပေသည် ။ ယင်း သို့ဖြင့် ခင်ကြီး ရဟန်းတို့ တွင် မယုံကြည်နိုင်လောက်အောင် အကန့်အသတ်မရှိသော အာဏာစက် ရှိနေတော့သည် ။ ယင်းကြောင့် ပင် ခင်ကြီးများ သည် စောစောပိုင်းက ကျွန်ုပ်တို့ ကျောင်း တိုက်များ တွင် တားမြစ်နှိပ်ကွပ်ခြင်း ခံခဲ့ကြရသည် ။ သို့သော် မကြာမီအတွင်းမှာ ပင် ခင် ကြီးများ သည် လူသာမန်တို့ ၏ လေးစားကြည်ညိုခြင်းကို ခံကြရတော့သည် ။

နောက်ပိုင်းတွင် လူသာမန်များ သာမက အထက်လွှာမှ လူများ ပင် ကျွန်ုပ်တို့ ကျောင်း တိုက်သို့ စုဝေးရောက်ရှိလာကြသည် ။ ယင်းသို့ဖြင့် သူတို့ သည် ခင်ကြီးများ ရှေ့မှောက်တွင် ပျပ်ဝပ် ကိုးကွယ်ကာ သူတို့ ၏ သံသယများ ၊ သူတို့ ၏ ဒုစရိုက်များ ၊ သူတို့ ၏ ဒုက္ခ များကို ဖြောင့်ဆိုဝန်ခံကာ အာပတ်ဖြေကြသည် ။ အကြံဉာဏ်ပေးခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို ခံယူကြသည် ။ ဤသည် ကို အတိုက်အခံများက ပြစ်တင်ဝေဖန်ကြသည် ။ သို့သော် လူအများ သည် ခင်ကြီးများ ထံတွင် ဆည်းကပ်ကိုးကွယ်မြဲ ကိုးကွယ်နေကြသဖြင့် ခင်ကြီးဂိုဏ်းများ သည် ကျွန်ုပ်တို့ ၏ ကျောင်းတိုက် များ တွင် တစ်စထက်တစ်စ အမြစ်တွယ်လာတော့သည် ။

ခင်ကြီး ဇော်ဇီမာသည် သက် ၆၅ နှစ်ရှိပြီး မြေပိုင်ရှင် မိသားစု တစ်ခုမှ ပေါက်ဖွား လာသူ ဖြစ်သည် ။ ငယ်စဉ်က စစ်ထဲသို့ ဝင်ခဲ့သည် ။ ကော့ကေးဆပ် တောင်တန်းဒေသတွင် အရာရှိအဖြစ် ထမ်းဆောင်ခဲ့သည် ။ သူသည် အလျှိုရှာကို အထူးပင် သဘောကျ နှစ်ခြိုက် ခြင်း ရှိသည် ။ အလျှိုရှာသည် ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသခ်မ်းကလေးထဲမှာ ပင် နေထိုင် သည် ။ ဇော်ဇီမာက သူ့ကို ချစ်ခင်လွန်းသဖြင့်သာ သူနှင့် အတူ နေခွင့်ပြုခြင်း ဖြစ်ပေသည် ။

တစ်ခုတော့ သတိပြုထားဖို့ လိုသည် ။ အလျှိုရှာသည် ဘုန်းကြီးကျောင်းတိုက်တွင် နေထိုင်ရာတွင် မည်သည့် ပဋိညာဉ် ခံယူချက်မျှ မရှိပါချေ။ သူသွားချင်ရာကို သွားခွင့် ရှိသည် ။ ဘယ်နေ့ရက်ပဲ ဖြစ်ဖြစ် သူကြိုက်သလောက် သွားနိုင်သည် ။ ဘုန်းကြီးများ ဝတ်ဆင် ရသော သင်တိုင်းရှည်ကြီးကို ဝတ်ဆင်ထားခြင်းမှာ လည်း သူ့သဘောနှင့် သူ ဝတ်ဆင် ခြင်းသာ ဖြစ်သည် ။ ကျောင်းတိုက်ထဲတွင် ရှိနေသူများ နှင့် တသီးတခြား ဖြစ်မနေရန် ဝတ်ဆင် ထားခြင်းသာ ဖြစ်သည် ။ သို့သော် ဤ သင်တိုင်းရှည်ကြီးကို သူကိုယ်တိုင်ကလည်း ဝတ်ဆင်လိုသည် မှာ အမှန်ပင် ဖြစ်တော့သည် ။ ခင်ကြီးရဟန်း၏ ကျော်ကြားမှုနှင့် ဩဇာ အာဏာက လူငယ်တစ်ဦးဖြစ်သော အလျှိုရှာကို လွှမ်းမိုးလျက်ရှိပါသည် ။

လူတွေက ပြောကြပါသည် ။ ခင်ကြီး ဇော်ဇီမာသည် သူ့ထံသို့ လူတွေ လာရောက်ပြီး အာပတ်ဖြေကြ၊ နှစ်သိမ့်စကား ဖွေရှာကြသည် ကို နှစ်ပေါင်းများ စွာကတည်းကပင် လက်ခံ ခွင့်ပြုခဲ့သဖြင့် သူ့ရင်ထဲတွင် လျှို့ဝှက်မှုများ ၊ ကြေကွဲမှုများ ၊ သစ္စာဆိုမှုများ ပြည့်သိပ်လျက် ရှိပြီး ယခု အခါတွင် လူစိမ်းတစ်ယောက် ရောက်လာလျှင် ထိုလူကို တစ်ကြိမ် ကြည့်ရုံမျှ ဖြင့်ပင် ထိုလူ ဘာကိစ္စလာကြောင်း၊ ဘာလိုချင်ကြောင်း၊ ဘယ်လို

ဒုက္ခမျိုး ခံစားနေရကြောင်း ပြောဆိုနိုင်ပေသည် ။

သို့သော် ဤလူများ နှင့် ပတ်သက်ပြီး အလျှိုရှာ ကောင်းစွာ သတိပြု မိနေသည့် အချက်တစ်ခုရှိပါသည် ။ သူတို့ သည် ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းအတွင်းသို့ ပထမ ဆုံးအကြိမ် ဝင်ရောက်သွားရာတွင် သူ တို့ မျက်နှာများ သည် ထိတ်လန့် တုန်လှုပ်စွာနှင့် ဖြစ်ကြသည် ။ သို့သော် ကျောင်းသင်္ခမ်းအတွင်းမှ ပြန်ထွက်လာသောအခါတွင် ကား သူတို့ ၏ မျက်နှာများ သည် ပျော်ရွှင်ဝင်းပလျက် ရှိကြတော့သည် ။

ထို့အပြင် အလျှိုရှာ တွေ့မြင်နေရသည့် အခြားအချက်တစ်ခုမှာ ခင်ကြီး ဇော်ဇီမာ၏ မျက်နှာသည် မည်သည့် အခါတွင် မှ ခက်ထန် တင်းမာနေခြင်း မရှိဘဲ အမြဲတမ်းလိုလိုပင် သိမ်မွေ့နူးညံ့လျက် ရှိ ပါသည် ။ ခင်ကြီး ဇော်ဇီမာက သူ့အကြောင်းကို ပြောပြသည် ။ သူသည် အပြစ်ကြီးသူများကို ပိုပြီး ကရုဏာထားသည် ဟု ဆိုပါသည် ။ လူတစ် ယောက်မှာ ဒုစရိုက်တွေ များ လေ သူ့မှာ ကရုဏာတရား ပို၍ ပွားများ ရ လေ ဖြစ်သည် ။

ကျောင်းတိုက်အတွင်းရှိ ရဟန်းများ အနက် အချို့သည် ခင်ကြီး ဇော် ဇီမာကို မုန်းတီး ကြသည် ။ မနာလို ဖြစ်ကြသည် ။ ဇော်ဇီမာ ကွယ်လွန် သည် အထိပင် ဖြစ်သည် ။ သို့သော် ထိုအရေအတွက်သည် တဖြည်းဖြည်း လျော့ပါးသွားပါသည် ။ သူတို့ ၏ အမနာပ စကားများ တိတ်ဆိတ်သွားကြပါသည် ။

သို့သော် မလိုမုန်းတီးသူများ ထဲတွင် အရေးပါပြီး ထင်ရှားသော ဘုန်းကြီးများ လည်း ပါရှိပါသည် ။ ဥပမာပြောရလျှင် ထိုအထဲတွင် သက်တော်အကြီးဆုံး ဘုန်းကြီးတစ်ပါး ပါရှိသည် ။ ထိုဘုန်းကြီးသည် စ ကားပြောခြင်းအမှုကို ရှောင်ကြဉ်သည် ။ ဝါရှောင်ခြင်းအမှု ကို

တင်းကျပ်စွာ လိုက်နာထိန်းသိမ်းသည် ။ သို့သော် လူအများက ခင်ကြီး ဖော်ဇီမာကိုသာ ကိုးကွယ်ဆည်းကပ် ကြသည် ။ အချို့ဆိုလျှင် ခင်ကြီး ဖော်ဇီမာကို အလွန်အကျွံပင် ကြည်ညို လေးစားကြသည် ။ ခင်ကြီး ဖော် ဇီမာသည် သူတော်စင်တစ်ပါး ဖြစ်သည် ဟု ပင် ပြောဆို ကြသည် ။ ဤ သူတော်စင်ကြီး ကွယ်လွန်သောအခါ အံ့ချီးဖွယ်ရာသော တန်ခိုးတော် များကို တွေ့မြင်ဖူးမြော်ရမည်ဟု ယုံကြည်နေကြသည် ။ ကွယ်လွန် တော်မူသော သူတော်စင်ကြီး အတွက် ဤကျောင်းတိုက်ကြီးသည် မ ကြာမီကာလ အတွင်းတွင် ဂုဏ်အသရေ တိုးပွား ကျော်ကြားရမည်ဟု မျှော်လင့်နေကြသည် ။

အလျှိုရှာသည် ခင်ကြီးရဟန်း၏ အံ့မခန်းဖွယ်ရာ တန်ခိုးတော်များ ကို ယုံကြည်လျက် ရှိသည် ။ ဘုရားရှိခိုးကျောင်းအတွင်းမှ ခေါင်းကြီး ပုံ့ ထွက်သွားသည် ဆိုသည့် သတင်းကို သူ အပြည့်အဝပင် ယုံကြည်လျက် ရှိသည် ။

ခင်ကြီးရဟန်း၏ လက်ဖြင့် ထိတွေ့ခြင်းနှင့် ခင်ကြီးရဟန်း၏ ဆု တောင်းပတ္ထနာ ပြုခြင်းကို ခံယူရန် လာရောက်ကြသော နာမကျန်း သူများ သည် များ မကြာမီအတွင်းမှာ ပင်၊ အချို့ဆိုလျှင် နောက်တစ်နေ့ မှာ ပင် ပြန်လည် ရောက်ရှိလာကြပြီး ခင်ကြီးရဟန်း၏ တန်ခိုး ကြောင့် သူတို့ ၏ ဒုက္ခဝေဒနာများ ပျောက်ကင်းရသည် ကို ဝမ်းသာစကား ကျေး ဇူးတင်စကား ဆိုကြသည် ။ ဤသို့ ပျောက်ကင်းသွားသည် မှာ သူ့ဘာ သာသူ ပျောက်ချိန်တန်၍ ပျောက်ကင်းသွားခြင်းလော သို့မဟုတ် ခင်ကြီးရဟန်း၏ တန်ခိုးကြောင့် ပျောက်ကင်းသွားခြင်းလော ဆိုသည့် အချက်ကိုမူ အလျှိုရှာ လုံးဝ စဉ်းစားခြင်း မပြုပါ။ အကြောင်းမှာ သူ သည် သူ၏ ဆရာတော်၏ စိတ်တန်ခိုးကို လုံးဝ ယုံကြည်သောကြောင့် ဖြစ်ပါသည် ။ အလျှိုရှာသည် ဆရာတော်၏ ကျော်ကြားမှုကို သူ၏ အော

င်မြင်မှုဟု ပင် ယူဆလျက် ရှိပါသည် ။

ခင်ကြီးရဟန်း၏ ကောင်းချီးပေးမှုကို ခံယူရန် ရှရှားပြည် အရပ်ရပ်မှ လာရောက် ကြသူများ ကျောင်းသင်္ခမ်းတွင် စုဝေးနေကြရာသို့ ခင်ကြီး ဇော်ဇီမာ ထွက်ကြွလာသည် ကို တွေ့မြင်ရတိုင်း အလျှိုရှာမှာ ပီတိသော မနသ ဖြစ်ရသည် ။ သူတို့ သည် ခင်ကြီး ဇော်ဇီမာ၏ ခြေရင်းတွင် ဝပ်တွားကြသည် ။ ခင်ကြီး၏ ခြေထောက်ကို နမ်းကြသည် ။ ခင်ကြီးရပ်သည့် နေရာကို နမ်းကြသည် ။ သူတို့ အား ကောင်းချီးပေးပါရန် အသနားခံကြသည် ။

ခင်ကြီး ဇော်ဇီမာသည် သူတို့ အား ကောင်းသော စကားကို ဆိုသည် ။ ကောင်းသော မေတ္တာကို ပေးသည် ။ ကောင်းသော ဆုမွန်ကို တောင်းသည် ။ ထို့နောက် သူတို့ ကို စိတ်ချမ်းသာစွာ ပြန်ကြစေသည် ။ မကြာမီ ရက်များ အတွင်းက သူသည် နာခြင်းတရား ဖိစီးသဖြင့် အားအင်နည်းပါးကာ လဲလျောင်းရာ အခန်းငယ်အတွင်းမှ မထနိုင်ဘဲ ရှိသည် ။ ထိုအခါ ဖူးမြော်ရန် လာရောက်သူများ သည် ကျောင်းသင်္ခမ်းဝသို့ ခင်ကြီး ထွက်ပေါ်လာမည်ကို ရက်ပေါင်းများ စွာ ကြာအောင်ပင် စောင့်ဆိုင်းနေကြသည် ။

သူ့ကို သူတို့ အဘယ်ကြောင့် အခုလောက် ချစ်ခင်လေးစားကြသနည်း။ သူ၏ မျက်နှာကို တွေ့မြင်ရရုံနှင့် အဘယ်ကြောင့် စိတ်ထိခိုက်စွာ ငိုကြွေးကြသနည်း ဆိုသည့် အချက်ကို အလျှိုရှာ အထူးစဉ်းစားနေစရာ မလိုပါ။ အဖြေကို သူ ကောင်းစွာ သိပါသည် ။ ရှရှားလူမျိုးတို့ သည် ပင်ကို သဘာဝအားဖြင့်ပင် ရိုကျိုးနွံတာခြင်း ရှိကြသည် ။ နှိမ့်ချသည့် စိတ်နှလုံးသား ရှိကြသည် ။ သူတို့ သည် ပင်ပန်းဆင်းရဲခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းတို့ ဖြင့် ပိပြားခဲ့ရသည် ။ အစဉ်သဖြင့် တည်ရှိခဲ့သော မတ

ရားမှုများ ၊ အစဉ်သဖြင့် တည်ရှိခဲ့ သော ဒုစရိုက်မှုများကို ခံစားခဲ့ကြရသဖြင့် သူတို့ သည် ကယ်တင်ရှင်တစ်ဦး၊ ကယ်တင်ရှင် ဌာနတစ်ခုကို အထူးပင် လိုလားတောင့်တနေခဲ့ကြပါသည် ။ ထိုသူကို တွေ့ရှိသောအခါ ဝပ်တွားခစားကြသည် ။ ကိုးကွယ်ဆည်းကပ်ကြပါတော့သည် ။

သည် လောကကြီးမှာ မတရားမှုများ ၊ မသမာမှုများ ၊ မကောင်းမှုများ ရှိနေခဲ့လျှင် မည်သည့် နည်းနှင့် မဆို ဤကမ္ဘာလောကကြီး၏ တစ်နေရာရာတွင် မြင့်မြတ်သူ တစ်ဦးဦးတော့ ရှိနေရပေမည်။ သူသည် အမှန်တရားပင် ဖြစ်ရမည်။ သူသည် အမှန်တရားကို သိ မြင်ခြင်း ရှိရမည်။ အကြောင်းမှာ ဤကမ္ဘာကြီးတွင် အမှန်တရားသည် ဆိတ်ကွယ်ခြင်း မရှိသေးပါ။ ထို့ကြောင့် တစ်နေ့တွင် အမှန်တရားသည် ထွက်ပေါ်လာရမည်မှာ ဧကန်တည်း။

လက်လုပ်လက်စား လူအများ သည် ဤသို့ပင် တွေးခေါ်ပြီး ဤသို့ပင် ပြောဆိုကြ သည် ကို အလျှိုရှာ သိပါသည် ။

ခင်ကြီး ဇော်ဇိမာသည် အထက်ပါ ပုဂ္ဂိုလ်မျိုးပင် ဖြစ်ပါသည် ။ သူတော်စင်ကြီး တစ်ပါး ဖြစ်သည် ။ ဘုရားသခင်၏ နာမသစ္စာကို စောင့်ရှောက်ထိန်းသိမ်းသူ တစ်ဦးဖြစ် သည် ။ သူသည် လယ်သမားများ ၊ နာမကျန်းသော မိန်းမများ ထက် သာလွန်သူတစ်ဦး ဆို သည် ကား ယုံမှားစရာ မရှိပါပေ။ ဤပုဂ္ဂိုလ်ကြီး ကွယ်လွန်သည့် အခါ ဤကျောင်းတိုက်ကြီး၏ ထွန်းတောက်မှုသည် အထူးပင် ဖြစ်ပေါ်ရမည်ဆိုသော အယူအဆကို အလျှိုရှာသည် အခြားသူများ ထက် ပိုပြီး လေးလေးနက်နက် ခံယူထားပါသည် ။ ဤပုဂ္ဂိုလ်ကြီးသည် သူ့ အတွက် တစ်ဦးတည်းသော စံပြပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါသည် ။

သူ၏ အစ်ကိုနှစ်ယောက် ရောက်ရှိလာခြင်းကလည်း သူ၏ အပေါ်

တွင် များ စွာမှ သြဇာသက်ရောက်မှု ဖြစ်စေပါသည် ။ သူတို့ နှစ်ယောက်ကို သည့် အရင်က သူ မတွေ့ခဲ့ဖူးပါ။ ယခုမှ ပင် တွေ့ရှိရခြင်း ဖြစ်ပါသည် ။ အဖေတူ အမေကွဲ ညီအစ်ကို တော်စပ်သော ဒီမီထရီသည် နောက်မှ ရောက်ရှိလာသော်လည်း အလျှိုရှာသည် ဒီမီထရီနှင့် လျင်မြန်စွာပင် ရင်းနှီးခြင်း ဖြစ်ရသည် ။ သူသည် ဒီမီထရီကို သူ၏ အစ်ကို အရင်းဖြစ်သော အိုက်ဗင်ထက်ပင် ပိုပြီး ခင်တွယ်သည် ။

အလျှိုရှာသည် သူ၏ အစ်ကို အိုက်ဗင်နှင့် ရင်းနှီးခင်မင်ရန် များ စွာမှ ပင် စိတ်အား ထက်သန်ပါသည် ။ အိုက်ဗင်သည် ဖခင်၏ အိမ်သို့ ရောက်ရှိနေသည် မှာ နှစ်လမျှ ရှိပေပြီ။ သူတို့ သည် မကြာခဏ ဆိုသလိုပင် ဆုံတွေ့နေကြရသည် ။ သို့သော် သူတို့ နှစ်ယောက် ကျွမ်းဝင်ရင်းနှီးခြင်း မဖြစ်ကြပါ။

အစ်ကို အိုက်ဗင်သည် သူ့ကို တွေ့ခါစက အာရုံစူးစိုက်စွာနှင့် စိတ်ဝင်စားစွာ ကြည့်ရှု ခဲ့သော်လည်း နောက်ပိုင်းတွင် အိုက်ဗင်သည် သူ့အပေါ်တွင် စိတ်ဝင်စားမှု မရှိတော့ပါ။ သည့် အတွက် အလျှိုရှာ စိတ်အနှောင့်အယှက် ဖြစ်ရသည် ။ အစ်ကိုဖြစ်သူ၏ ဘာသိဘာသာ နေမှုသည် သူတို့ နှစ်ယောက်၏ အသက်ကွာခြားမှုနှင့် ပညာအရည်အချင်း ကွာခြားမှုတို့ ကြောင့် ဖြစ်မည်ဟု သူ ယူဆသည် ။

သို့သော် အလျှိုရှာသည် အခြားအကြောင်း တစ်ခုကိုလည်း စဉ်းစားမိသည် ။ အိုက်ဗင် အနေနှင့် သူ့အပေါ်တွင် စိတ်ဝင်စားမှုမရှိသည် မှာ သူမသိသော အကြောင်းတစ်ခုကြောင့် ဖြစ်နိုင်သည် ။ အိုက်ဗင်မှာ အရေးကြီးသည့် ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု ရှိရမည်။ သူ့မှာ ရည်မှန်းချက်တစ်ခု ရှိရမည်။ ထိုရည်မှန်းချက်သည် ဖြစ်မြောက်ရန် ခဲယဉ်းနိုင်သည် ။ ယင်းအတွက် သူသည် အလျှိုရှာကို ခေါင်းထဲတွင် မထ

ည့်အားခြင်း ဖြစ်မည်။ သူ့ကို အိုက်ဗင် ဂရုမပြုသည့် အကြောင်းမှာ သည် အကြောင်းပဲ ဖြစ်ပေမည်။

အလျှိုရှာ နောက်တစ်ကြောင်းလည်း စဉ်းစားမိသေးသည် ။ အိုက်ဗင်သည် ဘုရား သခင်ကို မယုံကြည်သော ပညာရှိတစ်ဦး ဖြစ်သည့်အလျောက် ကိုရင်တစ်ဦး ဖြစ်သော မိမိ အပေါ်တွင် အထင်သေးမှု တစ်စုံတစ်ရာ ရှိချေသလော။ အိုက်ဗင်သည် ဘုရားသခင်ကို မယုံကြည်သူ တစ်ဦးဖြစ်ကြောင်း အလျှိုရှာ သိရှိသည် ။ သို့သော် ဤသို့ ဖြစ်ရိုးမှန်လျှင်လည်း ဤအထင်သေးမှုအတွက် သူ စိတ်မဆိုးပါ။ အဘယ်ကြောင့် မှန်းမသိ၊ သူ၏ အစ်ကို လှိုက်လှိုက်လှဲလှဲ ဆက်ဆံလာမည့် အချိန်ကိုသာ သူသည် စိတ် စနိုးစနောင့်ဖြင့် စောင့်ဆိုင်း လျက်နေမိသည် ။

ဒီမီထရီသည် အိုက်ဗင် အကြောင်းကို အထူးလေးစားစွာဖြင့် ပြောဆိုတတ်သည် ။ အထူးတလည် စိတ်ဝင်စားဟန်လည်း ရှိသည် ။ မကြာမီကာလအတွင်းက အစ်ကိုနှစ်ယောက်ကို အထူးပင် ပေါင်းစည်းစေခဲ့သည့် အရေးကြီးသော လုပ်ငန်းကိစ္စ အကြောင်းကို အလျှိုရှာ သည် ဒီမီထရီထံမှ ပင် သိရှိခဲ့ရသည် ။ ဒီမီထရီက အိုက်ဗင်အပေါ်တွင် စိတ်ဝင်စားခြင်း ရှိနေသည့် အချက်သည် အလျှိုရှာကို များ စွာပင် အံ့သြစေပါသည် ။ အိုက်ဗင်နှင့် နှိုင်းစာလျှင် သူ၏ အစ်ကိုကြီး ဒီမီထရီသည် ပညာမတတ်သူတစ်ဦး ဖြစ်သည် ။ သူတို့ နှစ်ယောက်ကို နှိုင်းယှဉ်ကြည့်လျှင် တစ်ယောက်နှင့် တစ်ယောက် များ စွာမှ ပင် ခြားနားသည် ။ ရုပ်လက္ခဏာလည်း ခြားနားသည် ။ အကျင့်စရိုက်လည်း ခြားနားသည် ။

ဤအချိန် ဤကာလမှာ ပင် တစ်ယောက်တစ်မျိုးစီ ဖြစ်သော ဤမိသားစုကြီး၏ အစည်းအဝေးပွဲ သို့မဟုတ် တွေ့ဆုံပွဲကြီးကို ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းတွင် ကျင်းပ ပါသည် ။ ဤစည်းဝေးပွဲသည်

အလှျိုရှာကို များ စွာမှ ပင် လွှမ်းမိုးလျက်ရှိပါသည် ။

အမှန်အတိုင်းပြောရလျှင် ဤအစည်းအဝေးသည် သဘောရိုးဖြင့် အမှန်အတိုင်း ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ထိုအချိန်က အမွေကိစ္စ ငွေရေးကြေးရေး ကိစ္စတို့ နှင့် ပတ်သက်ပြီး ဒီမီထရီနှင့် သူ၏ ဖခင်တို့ ၏ အငြင်းပွားမှုများ သည် အထွတ်အထိပ်သို့ ဆိုက်ရောက် လျက်ရှိသည် ။ သူတို့ နှစ်ဦး၏ ဆက်ဆံရေးသည် သည်းမခံနိုင်တော့လောက်အောင်ပင် တင်းမာလျက်ရှိသည် ။ ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းတွင် သူတို့ တွေ့ဆုံကြရန် ပထမဆုံး အကြံပြုသူမှာ ကာရာမာဇော့ပင် ဖြစ်သည် ။ သူက နောက်သလိုပြောင်သလိုနှင့် ပြောလိုက်ခြင်းပင် ဖြစ်သည် ။ သူတို့ သည် ကြည်ညိုလေးစားဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦး ရှေ့တွင် ဆိုလျှင် သင့်တင့်ပြေလည်မှုကို ရရှိနိုင်မည်ဟု ဆိုသည် ။

ဒီမီထရီသည် ခင်ကြီးရဟန်း၏ ကျောင်းသင်္ခမ်းသို့ ရောက်ဖူးခြင်းလည်း မရှိ၊ ခင်ကြီးရဟန်းနှင့် လည်း တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံဖူးခြင်း မရှိသဖြင့် သူ၏ ဖခင်သည် သူ့ကို ခင်ကြီးရဟန်းနှင့် ခြိမ်းခြောက်ခြင်းပင် ဖြစ်သည် ဟု ကောက်ချက်ချလိုက်သည် ။ သို့ သော် သူသည် လွန်ခဲ့သည့် ရက်များ အတွင်းက သူ့ဖခင်နှင့် ပြောဆိုရာတွင် ဒေါသပေါက် ကွဲမှုများ ဖြစ်ခဲ့သည် ကို သူ့ဘာသူ မကျေမနပ် ရှိနေခဲ့သဖြင့် စိန်ခေါ်မှုကို လက်ခံလိုက်သည် ။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် တစ်ခု မှတ်သားထားဖို့ လိုပေသည် ။ ဒီမီထရီသည် အိုက်ဗင်ကဲ့သို့ ဖခင်၏ အိမ်တွင် မနေချေ။ မြို့အစွန် တစ်နေရာတွင် သူတစ်ယောက် တည်း နေထိုင်ပါသည် ။

ထိုအချိန်က ကျွန်ုပ်တို့ မြို့အနီးရှိ သူ၏ ခြံမြေနယ်ပယ်တွင် နေထိုင်လျက်ရှိသော ပီတာမီယူဆော့သည် လည်း ကာရာမာဇော့၏ အကြံပြုချ

က်ကို အခွင့်ကောင်း ရယူသည် ။ သူသည် လစ်ဘရယ် တစ်ဦးဖြစ်သည် ။ လွတ်လပ်စွာ တွေးခေါ်သူတစ်ဦး ဖြစ်သည် ။ ဘုရားသခင်ကို မ ယုံကြည်သူ တစ်ဦးဖြစ်သည် ။ သူသည် ဤတွေ့ဆုံပွဲကို များ စွာမှ စိတ်ဝ င်စား သည့် အကြောင်းမှာ သူသည် နေရထိုင်ရသည် မှာ ပျင်းနေပြီး ဤ ဆွေးနွေးပွဲသည် သူ့အဖို့ ဖြေဖျော်မှုတစ်ခု ဖြစ်လိမ့်မည်ဟု ယူဆ၍ ဖြစ် သည် ။ သူ့စိတ်ထဲတွင် ကျောင်းသင်္ခမ်းနှင့် ‘သူတော်စင်’ များကို တွေ့မြင် လိုစိတ်လည်း ရုတ်တရက် ဖြစ်ပေါ်လျက်ရှိသည် ။ သစ်ခုတ် သည့် ကိစ္စ၊ ငါးဖမ်းသည့် ကိစ္စတို့ နှင့် စပ်လျဉ်းပြီး ဘုန်းကြီးကျောင်းနှင့် ဖြစ်ပွားနေ ရသော နယ်မြေပိုင်ဆိုင်ခွင့်၊ နယ်နိမိတ် ကိစ္စမှာ လည်း တရားရုံးတွင် အ မှုရှည်ကြာနေပြီ ဖြစ်သည် ။ သူသည် ဤဆွေးနွေးပွဲကို အကြောင်းပြုပြီး ကျောင်းထိုင် ဆရာတော်ကြီးနှင့် နားလည်မှု ရရှိကာ အမှုကိစ္စကို နှစ်ဦး အကျိုးတူ ပြေငြိမ်းလိုပေပြီ။

ဤကဲ့သို့ ကောင်းမြတ်သော ရည်ရွယ်ချက်နှင့် လာရောက်သူတစ်ဦး ကို ကျောင်း တိုက်ကြီးက အထူးဂရုစိုက်ကာ ယဉ်ကျေးစွာနှင့် လက်ခံရ ပေမည်။ ယင်းကြောင့် ပင် ကျန်းမာ ရေးကြောင့် ဧည့်သည် များကို လက်ခံတွေ့ဆုံခြင်း မရှိသော ခင်ကြီး ဇော်ဇီမာကို ကျောင်းထိုင် အာ ဏာပိုင်များက အစည်းအဝေးကို လက်ခံရန် တိုက်တွန်းခြင်း ပြုကြ သည် ။ နောက်ဆုံး တွင် ခင်ကြီး ဇော်ဇီမာသည် ၎င်းတို့ ကို လက်ခံတွေ့ ဆုံရန် သဘောတူညီပြီး ရက်ချိန်းပေး လိုက်သည် ။

‘င့်ါကို ဘယ်သူကများ တရားသူကြီး ခန့်လိုက်သလဲ မသိပါဘူးကွယ်’ ဟု ခင်ကြီး ဇော်ဇီမာက အလျှိုရှာကို ရယ်မောကာ ပြောဆိုသည် ။

ဆွေးနွေးပွဲကိစ္စ သိရှိရသောအခါ အလျှိုရှာသည် များ စွာမှ ပင် ကသိ ကအောက် ဖြစ်ရသည် ။ ဤဆွေးနွေးပွဲကို တက်ရောက်လာမည့် သူများ

တွင် အလေးအနက် ထားမည့် သူ တစ်ဦးတလေမျှပင် ရှိပါမည်လော။ အလေးအနက်ထားမည့် သူ ဟူ၍ သူ၏ အစ်ကိုကြီး ဒီမီထရီ တစ်ယောက်သာလျှင် ရှိနိုင်ပေသည် ။ ကျန်ရှိသူများ သည် အပျော်အပြက် သဘောသာ ရှိကြပေလိမ့်မည်။ ယင်း၏ သဘောသည် ခင်ကြီး ဆရာတော်ကို စော်ကားရာပင် ကျပေလိမ့်မည်ဟု အလျှိုရှာ ကောင်းစွာ ယုံကြည်လေသည် ။

သူ၏ အစ်ကို အိုက်ဗင်နှင့် မီယူဆော့တို့ သည် စပ်စုသည့် သဘောဖြင့် လာရောက် ကြခြင်းသာ ဖြစ်ပေမည်။ သူ၏ ဖခင်သည် ဟာသမင်းသားကြီးအဖြစ်နှင့် လာရောက်ပေ လိမ့်မည်။ မကိုးမကား မဟုတ်မဟတ်များ ပြုလုပ်ပေလိမ့်မည်။ အလျှိုရှာသည် ပါးစပ်မှ တစ်ခွန်းတစ်ပါဒမျှ ထုတ်မပြော သော်လည်း သူ့ဖခင် အကြောင်းကို သူ ကောင်းစွာသိရှိပါသည် ။ ကျွန်ုပ် ထပ်၍ ပြောပါဦးမည်။ သည် လူငယ်ကလေးသည် လူတွေ ထင်ထားသလို ရိုးရိုးအအ တစ်ယောက် မဟုတ်ပါ ။

အလျှိုရှာသည် ချိန်းချက်သည့် နေ့ကို စိတ်လေးလံစွာဖြင့် စောင့်ဆိုင်းနေမိသည် ။ ဤမိသားစု အဆင်မပြေမှုများ မည်သို့မည်ပုံ အဆုံးသတ်သွားမည်ကို သူ ရင်တထိတ်ထိတ် ရှိနေရသည် ။ သို့တစေလည်း သူ့အနေနှင့် ပို၍ ပူပန်နေရသည် က ခင်ကြီးဆရာတော်အတွက် ဖြစ်ပါသည် ။ ခင်ကြီးရဟန်းအတွက် သူ စိုးရိမ်မကင်း ဖြစ်နေရသည် ။ ခင်ကြီးရဟန်း၏ ဂုဏ်သိက္ခာအတွက် သူ ပူပန်ကြောင့် ကြ ဖြစ်နေရသည် ။ ခင်ကြီးရဟန်း စော်ကားမော်ကား ခံရမည်ကို သူ ထိတ်လန့်တုန်လှုပ် နေရသည် ။ မီယူဆော့၏ သာသာနှင့် နာနာ ထိုးနှက်ချက်များကို ကြောက်ရွံ့နေမိသည် ။ ပညာတတ်ကြီး အိုက်ဗင်၏ အထက်စီးမှ နေ၍ ပညာသား ပါပါ ပြောမည်များကို သူ ချောက်ချား နေရသည် ။ အလျှိုရှာ

သည် ဆွေးနွေးပွဲသို့ လာရောက် မည့် သူများ အကြောင်း ခင်ကြီး ဆရာတော်ကို သတိပေးစကား ပြောမည်ဟု စဉ်းစားမိသည် ။ သို့သော် မပြောဖြစ်ပါ။

ဆွေးနွေးပွဲမတိုင်မီ တစ်နေ့တွင် သူ၏ အစ်ကိုကြီး ဒီမီထရီထံသို့ လူကြုံစကား ပါးမိသည် ။ သူ့အနေနှင့် အစ်ကိုကြီးကို အထူးချစ်ခင်ပါကြောင်း၊ အစ်ကိုကြီး၏ ကတိတည်လိမ့်မည်ဟု သူ မျှော်လင့်ပါကြောင်း စသည် ဖြင့် ဖြစ်သည် ။ အလျှိုရှာ၏ အမှာ စကားကို ကြားရသောအခါ ဒီမီထရီ စိတ်ရှုပ်ထွေးရသည် ။ အကြောင်းမှာ သူ့အနေနှင့် ညီဖြစ်သူကို မည်သည့် ကတိ ပေးထားမိမှန်း မမှတ်မိ၍ ဖြစ်သည် ။ သို့သော် သူ စာရေးသားပြန်ကြားသည် ။ ဆွေးနွေးပွဲတွင် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ချူပ်တည်းထားမည် ဖြစ်ကြောင်း၊ သို့ သော် သူ့အနေနှင့် ခင်ကြီး ဆရာတော်နှင့် အိုက်ဗင်တို့ ကို အဘယ်မျှပင် လေးစားစေကာမူ ဤ ဆွေးနွေးပွဲသည် ထောင်ချောက်တစ်ခု သို့မဟုတ် အဓိပ္ပာယ်မရှိသော လုပ်ဇာတ်တစ်ခုသာ ဖြစ်သည် ဟု ယူဆပါကြောင်း၊ နိဂုံးချုပ်အဖြစ် 'ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးအနေနှင့် ညီလေး အင်မတန် လေးစားကြည်ညိုတဲ့ ဆရာတော်ကြီးကို မရိုမသေ လုပ်မယ့်အစား အစ်ကိုကြီး ပါးစပ်ကို အပ်နှင့် ချုပ်ထားပါ့မယ်' ဟု ရေးထားသည် ။ ဤစာကြောင့် အလျှိုရှာ မှာ ဘဝင်ကျခြင်း မရှိလှပါ။

*****